# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့်(၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-တရုတ် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့ညနေ ၄နာရီ မိနစ်၂၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ-တရုတ် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊

*စာမျက်နှာ ၃ ကော်လံ ၁*

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅) နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ-တရုတ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

# ကောင်းမြတ်သောစိတ်ထား ပွားများကျင့်ကြံအပ်သည့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

တန်ဆောင်မုန်းလသည် မြန်မာပြက္ခဒိန်ဆယ့်နှစ်လတွင် အဋ္ဌမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်၍ ထင်ရှားသောပွဲတော်မှာ ကထိန်ပွဲဖြစ်သည်။ ခဝဲပန်းနှင့်အတူ ကြာပန်း၊ ပြည်ပန်းညိုနှင့် နှင်းပန်းတို့လည်း ဝေဆာစွာ ပွင့်ကြသည်။

တန်ဆောင် မုန်းလပြည့်နေ့၌ ကျင်းပလေ့ရှိသော တန်ဆောင်တိုင်ပွဲတော်သည် ဘုရားရှင်အား ဆီမီးထွန်းညှိ ပူဇော်ပွဲဖြစ်သကဲ့သို့ ကထိန်သင်္ကန်း ကပ်လှူခွင့်ရှိသော နောက်ဆုံးနေ့လည်း ဖြစ်သည်။

ထို့အပြင် တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား သာမညဖလသုတ်တော်ကို ဟောကြားတော်မူသော နေ့ထူး နေ့မြတ်လည်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ ဟုလည်း ခေါ်ဆိုသည်။

တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမြဲပွဲတော်တစ်ခုမှာ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း ခြင်းဖြစ်ပြီး ကထိန်ဟူသည် "ကထိန" ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ မြဲမြံခြင်း၊ ခိုင်ခံ့ခြင်းဖြစ်၍ ရဟန်းတော်များ မြဲမြံခိုင်ခံ့သည့် အကျိုးထူးငါးပါးကို ရရှိသောကြောင့် ကထိန်ဟု ခေါ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားရာ နိုင်ငံဖြစ်သဖြင့် တန်ဆောင်မုန်းလတွင် ကထိန်သာမက မသိုးသင်္ကန်းများလည်း ရက်လုပ်ပူဇော်သောပွဲများပါ ကျင်းပလေ့ရှိသည်။ မသိုးသင်္ကန်းဟူသည် နေ့မကူး၊ ရက်မကူးဘဲ တစ်ရက်အတွင်း အပြီးရက်လုပ် ဆက်ကပ်လှူဒါန်းရသော သင်္ကန်းဖြစ်သဖြင့် မသိုးသင်္ကန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်တစ်ခုဖြစ်သည့်အတွက် အလှူဒါနပြုလုပ်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း၊ သီလဆောက် တည်ခြင်းတို့အပြင် ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိကြသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်သော အနှစ်သာရနှင့်ပြည့်စုံသည့် တန်ဆောင်မုန်းလပြည့်နေ့အခါသမယတွင် ကုသိုလ်ကောင်းမှုများ ပွားစီးအားထုတ်ရင်း ကောင်းမြတ်သော စိတ်နှလုံးသွင်း၍ တန်ဆောင်မုန်းလပြည့်နေ့အခါသမယကို အာရုံစိုက်ကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တရုတ်၌ လေကြောင်းဆိုင်ရာပြပွဲ ခင်းကျင်းပြသမည်

ကူဟိုင် နိုဝင်ဘာ ၃

**တရုတ်နိုင်ငံအရှေ့ပိုင်း ကျူဟိုင်မြို့တွင် (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာလေကြောင်းဆိုင်ရာနှင့် တည်ဆောက်ရေးလုပ်ငန်းများပြပွဲတွင် ဒုံးပျံအမျိုးအစား၂၀ခန့်ကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ဒုံးပျံတည်ဆောက်ရေး သိပ္ပံနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ပြောကြားသည်။**

တရုတ်နိုင်ငံ၏ ဝေဟင်နှင့်နယ်မြေပိုင်နက်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဒုံးပျံကာကွယ်ရေး စနစ်မြင့်မားမှုကို ပြသရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ပြောကြားသည်။

### ပြသမည်

အဆိုပါပြသမည့် ဒုံးပျံများတွင် မြေပြင်မှမြေပြင်ပစ်ဒုံးပျံများနှင့် အခြား ဒုံးကျည်များကို ပြသ သွားမည်ဖြစ်သည်။

### ဒုံးပျံများ

တရုတ်နိုင်ငံသည် ၁၉၅၀ပြည့်နှစ်နောက်ပိုင်းမှ စတင်ကာ နည်းပညာ တိုးတက်မှုရှိစေရန် သုတေသန ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံ၏ ဒုံးကျည်များကို နည်းစနစ်မြင့်တင်ခဲ့ရာ အခြားနိုင်ငံများနှင့် ယှဉ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု တရုတ်နိုင်ငံ ဒုံးပျံတည်ဆောက်ရေးဆိုင်ရာ သိပ္ပံနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ အထွေထွေမန်နေဂျာ ယန်ဆင်လင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အင်ဒိုနီးရှား လေဆိပ်များ မီးခိုးများကြောင့် လေယာဉ်ခရီးစဉ်များရွှေ့ဆိုင်း

ဂျကာတာ နိုဝင်ဘာ ၃

အင်ဒိုနီးရှားနိုင်ငံ ကလ်မန်တန် အရှေ့ပိုင်းတွင် သစ်တောများနှင့် ချုံပုတ်များမီးလောင်ကျွမ်းမှု ဖြစ်ပွားသဖြင့် မီးခိုးများ ထူထပ်စွာ ဖုံးလွှမ်းလျက်ရှိရာ လေဆိပ်များ၌ လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊ ကြန့်ကြာခြင်းများဖြစ်ပွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၃၁ရက်က ပြောကြားသည်။

### ဖုံးလွှမ်း

ကလ်မန်တန်အရှေ့ပိုင်း၌ လေဆိပ်အများအပြားတွင် မီးခိုးများဖုံးလွှမ်းလျက်ရှိကြောင်း၊ ယင်းလေဆိပ်များမှာ ကလ်မာရာလေဆိပ်၊ တာရာကန်ရှိ ဂျူတာ လေဆန်လေဆိပ်၊ ဘူလူဂန်ရှိ အဂတ်စ်လေဆိပ်တို့ ပါဝင်ကြောင်း မိုးလေဝသ နှင့် ဘူမိဗေဒဆိုင်ရာအဖွဲ့ အကြီးအကဲ ယူမန်၏ ပြောကြားချက်ကို အန်တာရာ သတင်းဌာနက ကိုးကား၍ဖော်ပြသည်။

### ဆက်လက်လောင်ကျွမ်း

ယင်းဖြစ်ပွားမှုမှာ ကလ်မန်တန်အရှေ့ပိုင်းရှိ ဒေသတော်တော်များများတွင် မိုးခေါင်မှုများကြောင့်ဖြစ်နိုင်ကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာ၂၅ရက်မှ ၂၇ရက်အထိ မိုးရွာသွန်းခဲ့ကြောင်း၊ ပုံမှန်အားဖြင့် မီးခိုးများ လျော့နည်းသွားရမည် ဖြစ်သော်လည်း နောက်ပိုင်းတွင် ချုံပုတ်များ မီးဆက်လက်လောင်ကျွမ်းသဖြင့် မီးခိုးများပြန်လည်များပြားလာကြောင်း ယူမန်က ထပ်လောင်းပြောကြား သွားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် ၆/၂ သံသုမာလမ်း စုပေါင်းအိမ်ရာ သုဝဏ္ဏနေ ဦးညီညီသန့် (အင်ဂျင်နီယာမှူးကြီး)အား ရည်စူး၍ သမီး ဒေါ်ခင်ဆွေသန့် (ခေတ္တ-ဂျပန်) မိသားစုက အလှူငွေကျပ်ငါးသိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးမျိုးခင်နှင့် အတွင်းရေးမှူး ဦးစိုးမြတ်အောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)




## ဗဟိုဓမ္မာရုံတော်ကြီး အထူးတရားပွဲ

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံတော်ကြီးတွင် ဝါတွင်းသံဃာ့ဒါန ဆွမ်းအောင်ပွဲနှင့် ဆွမ်းဆန်တော် ဆီ၊ ဆား၊ အလှူတော် **"အထူးတရားပွဲသဘင်"** ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ၅ရက် (တနင်္ဂနွေနေ့) ညတွင် ရွှေရတုတိပိဋကဓရဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်း)၊ နိုဝင်ဘာ၆ရက် (တနင်္လာနေ့)ညတွင် ဘဒ္ဒန္တ ဝဏ္ဏိတ (နာယကချုပ်) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ နိုဝင်ဘာ၇ရက် (အင်္ဂါနေ့)ညတွင်ဓမ္မဒူတအရှင်ဆေကိန္ဒ (တွဲဖက်ပါမောက္ခ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

## မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၃



မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၁)ကို ယနေ့ထုတ်ဝေ ဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ တက္ကသိုလ်မြတ်သူ၊ မြင်းမူမောင်နိုင်မိုး၊ သိပ္ပံစိုးမြင့်နိုင်၊ ပုဂံမွေးကြည်၊ စောငယ်ငယ်(မိုးညင်း)၊ ဖျာပုံတင်နိုင်ဝင်း၊ ယဉ်ယဉ်မင်းထိုက်တို့၏ ကဗျာများ၊ မောင်ဆုရှင်၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ စောမုံညင်း၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊မောင်ပညာကျော်၊ ပါမောက္ခဦးမြသိန်း၊ ဦးကျော်(ပြည်ထဲရေး)၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ မော်တောင်ဆရာတော်(မြိတ်)၊ တက္ကသိုလ်လှကြွယ်၊ ယုဝတီခင်ဦး၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)နှင့် ခင်ဇ(စက်မှု)တို့၏ သုတဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ကေတုနီလာ၊ လယ်တွင်းသားစောချစ်၊ မစန္ဒာ၊ စန်းနီလာဝင်း၊ မောင်မောင်အုန်း(လယ်ဝေး)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ အောင်စိုး(တိ/ကုဆရာဝန်)အမျိုးသားစာပေဆုရ၊ နေမျိုးသန့်တို့၏ ရသဝတ္ထုတိုများ၊ မောင်စိန်တင်၏ ဂန္ထဝင်စာပေကဏ္ဍ၊ ပြေအေး(မြင်းမူ)၏ ဝတ္ထုရှည်ကဏ္ဍ၊ ဝတ်ရည်၏ ရုပ်ရှင်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ(B.A.B.L)နှင့် တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ တင်အောင်နီ၊ ရွှေမင်းသား၊ သစ်ထွဋ်း၊ ငွေကြည်၊ မြေဇာ၊ မောင်မောင်ညွှက် တို့၏ကာတွန်းကဏ္ဍများနှင့်ဟာသကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၄-၁၁-၂၀၀၆ (စနေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဆရာတော် ဦးဃောသိတ တရားတော် **"ကံလေးမျိုးတရားတော်"** |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၁၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | ရုပ်မြင်သံကြားဇာတ်လမ်း **"မြူနှင်းတို့ ထာဝရဝေ"** ဒွေး၊ ရန်အောင်၊ နန္ဒာလှိုင် |
| ၁၃:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၄:၃၅ | ၄။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅:၃၅ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၈။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၀။ | အံ့ဩဖွယ်ရာဆပ်ကပ်ပညာ |
| ၆:၄၀ | ၁၁။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၂၉) |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ | English Premier League -Manchester United Vs Portsmouth |

● **ရှေ့ဖုံးမှ**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ပြန်လည်လိုက်ပါလာ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)



## မင်္ဂလာဒုံ ကျိုက္ကလဲ့စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ကျက်သရေဆောင်သမိုင်းဝင် ကျိုက္ကလဲ့စေတီတော်မြတ်ကြီး၏ (၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာ ၈ရက်မှ ၁၂ရက်အထိ ပဌာန်းရွတ်ဖတ်ပူဇော်ပြီး နိုဝင်ဘာ ၁၂ရက်မှ ၂၁ရက်အထိ ဇာတ်ပွဲ၊ အငြိမ့်ပွဲစသည်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ကြိုဆိုနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ-တရုတ် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်စပါးများရွေးချယ်စိုက်ပျိုး ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးပမ်းဆောင်ရွက် ခြံစည်းရိုးကြက်ဆူပင်များ မြေလွတ်များတွင် တိုးချဲ့စိုက်ပျိုး

နေပြည်တော် နိုဝင်ဘာ ၃

**မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းရာတွင် မန္တလေးမြို့ရှိ နန်းတော်အထူးကုဆေးခန်းသို့သွားရောက်ကြပြီး ကျန်းမာရေးဆေးကုသမှုခံယူနေသော မုံရွာမြို့ ဖောဓိတစ်ထောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညိုသည်။**

**ပံ့ပိုးဖြည့်ဆည်းပေး**

ထို့နောက် သမားတော်ကြီး ပါမောက္ခချုပ် ဒေါက်တာကျော်လှနှင့် သမားတော်ကြီးများက ဖောဓိတစ်ထောင် ဆရာတော်၏ ကျန်းမာရေးနှင့် ဆေးကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက်မန္တလေး-ကျောက်ဆည်-မိတ္ထီလာ ကားလမ်းရှိ မြစ်သားမြို့နယ် ခန္တီလေး ကျေးရွာရှိ စပါးမျိုးသန့် မျိုးထုတ်စိုက်ကွင်းသို့ ရောက်ရှိပြီး လမ်းဘေးဝဲ၊ ယာတွင် စိုက်ပျိုးထားသော ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသခံတောင်သူဦးကြီးများအား စိုက်ပျိုးရေး အခြေအနေများကို မေးမြန်းဆွေးနွေးပြီး မျိုးသန့်မျိုးထုတ် စပါးခင်းများအတွင်း မျိုးကွဲနုတ်ခြင်းနှင့် ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ စိုက်ကွင်း၌ စိုက်ပျိုး ဧက ၁၁၅ ဧကတွင် မျိုးသန့်စပါးများဖြစ်သော မနောသုခ ဧက ၈၀၊ ရွှေမြန်မာဧက ၂၀ နှင့် ရွှေသွယ်ရင်၁၅ ဧကတို့ကို စိုက်ပျိုး၍ စပါးမျိုးသန့်များ ထုတ်ပေးလျက်ရှိကြောင်း သိရှိရသည်။

**တိုးချဲ့စိုက်ပျိုး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တော ကျေးရွာသို့ ရောက်ရှိကြပြီး မြစ်သားမြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ခင်း၌ သီးပွင့်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကာ မြေလွတ်များတွင် ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မြစ်သားမြို့နယ် မိုင်းမောဒေသရှိ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းသို့ ရောက်ရှိရာ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးတင်ဦးက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်း ပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကူမဲမြို့၏ အရှေ့တောင်ဘက် (၂၁)မိုင် အကွာရှိ ကင်းတားရေလှောင်တမံသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားကာ ပင်မတမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူး ဦးဒင်ဒိုလျန်က စက်စတင်လည်ပတ်သော ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ နှစ်အလိုက် မိုးရေချိန်၊ ဝင်ရေ၊ ထွက်ရေနှင့် ဓာတ်အား ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ တာဘိုင်ခန်း၊ ထိန်းချုပ်ခန်း၊ ပင်မလေအေးပေးစက်ခန်းနှင့် စက်ရုံပတ်ဝန်းကျင် အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကင်းတားလေး ရေလွှဲဆည်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်ဝင်းက ကင်းတားရေလှောင်တမံမှ ရေများကို ရေလွှဲဆည်မှတစ်ဆင့် လက်ယာမြောင်းမကြီး၊ လက်ဝဲမြောင်းမကြီးနှင့် ပန်းလောင်ရေသောက်များသို့ ရေပို့လွှတ်မှုအခြေအနေများကို ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာရှိ ချည်မျှင်ရှည်ဝါ မျိုးသန့် အထူးစိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အောင်မြင် ဖြစ်ထွန်းနေသော ဝါစိုက်ခင်းများကို ကြည့်ရှုအားပေးကာ အထွက်နှုန်းကောင်းသော ဝါမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရေး မှာကြားသည်။

**ရွေးချယ်စိုက်ပျိုး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် ဆပ်ခင်းပေါက် ကျေးရွာအနီးရှိ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသနှင့်ကိုက်ညီမည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် စပါးများ ရွေးချယ်စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ စပါးစိုက်ခင်းတွင် ဆင်းသွယ်လတ် မျိုးသန့်စပါးဧက ၁၀၀ စိုက်ပျိုးထားရှိပြီး မိုးစပါးအပြီး နွေစပါးကို ဆက်လက် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ရှိ လေကြောင်း အတတ်သင် လေတပ်စခန်း(ရှမ်းတဲ)၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းသို့ရောက်ရှိကြပြီး သီးပွင့်ဖြစ်ထွန်းနေသော ကြက်ဆူပင်များနှင့် ကြက်ဆူသီးများ၊ ကြက်ဆူစေ့ ကြိတ်စက်များကို လှည့်လည် ကြည့်ရှုအားပေးသည်။

**စပါးခင်းများကြည့်ရှု**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြေပြင် အတတ်သင်လေတပ်စခန်း၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုး ကြက်ဆူပင်များနှင့် ဟင်းသီး ဟင်းရွက် စိုက်ခင်းများ၊ စပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

## မလှိုင်မြို့နယ် ရွာတန်းရှည်ကျေးရွာတွင်လည်း လူထုဆန္ဒပြလွှာလက်မှတ်များ လိမ်လည်ရေးထိုးစာရင်းသွင်းခဲ့

**နေပြည်တော် နိုဝင်ဘာ ၃**

မန္တလေးတိုင်း မလှိုင်မြို့နယ် ရွာတန်းရှည်ကျေးရွာတွင်လည်း အခြားမြို့နယ်များကဲ့သို့ လူထုဆန္ဒပြလွှာ လက်မှတ်များ လိမ်လည်ရေးထိုး စာရင်းရေးသွင်းမှုရှိခဲ့ကြောင်း သိရှိရသည်။

**သွားရောက်အပ်နှံ**

အဆိုပါ လိမ်လည်စာရင်းရေး သွင်းမှုဖြစ်စဉ်မှာ အောက်တိုဘာ ၁၅ရက်က မိတ္ထီလာမြို့ ရိုးမဘဏ်တွင် မိတ္ထီလာမြို့နယ် NLD ဥက္ကဋ္ဌ ဒေါက်တာသိန်းလွင်သည် ရွာတန်းရှည်ကျေးရွာမှ ဦးကျော်ဒွေးဆိုသူနှင့် တွေ့ဆုံခဲ့ကြောင်း၊ ဒေါက်တာသိန်းလွင်က ဦးကျော်ဒွေးအား ရွာတန်းရှည်ရွာမှ ရွာသူရွာသားများအား စည်းရုံး၍ ဆန္ဒပြလက်မှတ်များ ရယူပေးရန်ခိုင်းစေခဲ့ကြောင်း၊ ဦးကျော်ဒွေးသည် တစ်ရွာတည်းနေ ဦးဖူးညိုနှင့်အတူ အောက်တိုဘာ ၁၈ရက် ညပိုင်းတွင် အခြား ရွာသူရွာသားများအား တွေ့ဆုံ၍ "ကျောင်းသားများကို သနားပါတယ်။ သူတို့လွတ်မြောက်အောင် တောင်းဆိုဖို့ ဒီစာရွက်တွေမှာ လက်မှတ်ရေးထိုးပေးပါ"ဟု စည်းရုံးခဲ့ကြောင်း၊ ရွာသူရွာသားများက "ရှုပ်ရှုပ်ယှက်ယှက်တွေ၊ မလုပ်နိုင်ပါဘူး"ဟု ငြင်းဆို၍ လက်မှတ် ရေးထိုးခဲ့ခြင်းမရှိသဖြင့် ဦးကျော်ဒွေးနှင့် ဦးဖူးညိုတို့သည် ကာယကံရှင်များ သဘောတူ၊ ခွင့်ပြုချက်မရှိဘဲ အမည်၊ နေရပ်နှင့် လက်မှတ်အတုများဖြည့်သွင်း၍ အောက်တိုဘာ ၁၉ရက်တွင် ဒေါက်တာသိန်းလွင်ထံ သွားရောက်အပ်နှံခဲ့ကြကြောင်း။

ဒေါက်တာသိန်းလွင်ကလည်း အဆိုပါ လက်မှတ်များနှင့်ပတ်သက်၍ အတုများဖြစ်ကြောင်း သိသော်လည်း အရေအတွက် များများရရှိမှသာ မန္တလေးတိုင်း NLD၏ သိက္ခာတက်မည်ဟု ခံယူထားသဖြင့် လက်ခံခဲ့ကြောင်း။

ထို့အပြင် ဦးကျော်ဒွေးနှင့် ဦးဖူးညိုတို့သည် ဒေါက်တာသိန်းလွင်၏ စည်းရုံးပြောဆိုမှုကြောင့် ၎င်းတို့မိသားစုဝင် ရှစ်ဦး၏လက်မှတ်များကို ထပ်မံအတုရေးထိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

## ပညာရေးမိသားစု ကထိန်သင်္ကန်းဆက်ကပ်

**နေပြည်တော် နိုဝင်ဘာ ၃**

ပညာရေးဝန်ကြီးဌာန၏(၁၈)ကြိမ်မြောက် ပညာရေးမိသားစု ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ယမန်နေ့ နံနက်၉နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမဆောင်၌ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီးဒေါက်တာ ဒေါ်စန္ဒာအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ဆက်လက်၍ မဟာလယ်တီစံကျောင်း ဆရာတော်ထံမှ ကထိန် အနုမောဒနာတရားနှင့် ရေစက်ချတရားတော် နာယူကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကြီးမှူး ဖွင့်လှစ်ခဲ့သည့် ကြီးကြပ်အဆင့် ဝန်ထမ်းများ လုပ်ငန်း စွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဆင်းပွဲကို အောက်တိုဘာ၂၇ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ဘဏ်ခွဲများမှ ဒုတိယကြီးကြပ်ရေးမှူး သင်တန်းသား၊ သင်တန်းသူ ၄၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပမည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး ဒုတိယအကြီးအကဲ မစ္စတာဖန်းရှောင်ဟော့တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

## ဂုဏ်ပြုပန်းစည်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဒုတိယ အုပ်ချုပ်ရေးမှူး မစ္စတာ ကျန်းဝမ်ရှယ်တို့က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြပြီး ကလေးငယ်တစ်ဦးက ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြကာ ခေတ္တတည်းခိုမည့် Liyuan Hotelသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**





## ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နန်နင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။**

(သတင်းစဉ်)

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နန်နင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။** (သတင်းစဉ်)



# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနား ဒီဇင်ဘာဒုတိယပတ်အတွင်းဖွင့်မည်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၅)နှစ်ပြည့် စိန်ရတု အထိမ်းအမှတ် အခမ်းအနား၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (National Landmarks Garden)ဖွင့်ပွဲအခမ်းအနားနှင့် ပထမအကြိမ် ပန်းပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများက ကော်မတီများ အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အမျိုးသား ကန်တော်ကြီးဥယျာဉ် (၇၅)နှစ်ပြည့် စိန်ရတု အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ဒုတိယပတ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိနုဂ္ဂဟဆန်လှူအသင်း ဆွမ်းဆန်တော်အလှူ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟဆန်လှူအသင်းကြီး၏ (၂၂၉) ကြိမ်မြောက် ဆွမ်းဆန်တော် အလှူ ရေစက်ချပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့် (စနေနေ့) ၂၀၀၆ခုနှစ် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီ၌ ကျောင်းတိုက်ပေါင်း ၁၉၆ တိုက်ရှိ သံဃာတော်ပေါင်း ၂၀၅၄၃ ပါးအတွက် ဆွမ်းဆန်တော် တင်းပေါင်း ၅၂၆၅တင်းကို ရွှေတိဂုံစေတီရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး-ဒေါ်ကြုတ် တန်ဆောင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးအား ပင့်ဖိတ်၍ လှူဒါန်းရေစက်ချပွဲ ကျင်းပသွားမည်ဖြစ်ရာ အလှူဒါယကာ ဒါယိကာမများအား တရားတော်နာ ရေစက်ချ ကုသိုလ်ရယူနိုင်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

❒ ***ကျောဖုံးမှ***

အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားနှင့် နိုင်ငံရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကျင်းရန်ချင်း (Mr.Jin Renging)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘိုရှီလိုင်၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာလုဘင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှု**

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ပြောကြားရာတွင် နှစ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှုဖြင့် ခင်မင်စွာဆက်ဆံလာခဲ့ကြပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ချစ်ကြည်မှု အဆက်မပြတ်တိုးတက်နေသကဲ့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင်လည်း များစွာတိုးတက်လာပါကြောင်း၊ အလားတူ မူးယစ်ဆေးဝါး၊ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း များစွာတိုးတက်လာပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ခေါင်းဆောင်ကြီးများသည် အပြန်အလှန် သွားလာလည်ပတ်ပြီး ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလာခဲ့ကြပါကြောင်း၊ ၂၀၀၀ပြည့်နှစ်တွင် တရုတ်နိုင်ငံ ဒုတိယသမ္မတကြီးသည် လည်းကောင်း၊ ၂၀၀၁ခုနှစ်တွင် တရုတ်သမ္မတကြီး ကျန်ဇီမင်းသည် လည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဂူရီသည်လည်းကောင်း မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်ခဲ့ကြပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံ့အကြီးအကဲများ၊ အထူးသဖြင့် အဆွေတော် ဝန်ကြီးချုပ်အား မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ပါရန် မိမိက ဖိတ်မန္တကပြုပါကြောင်း၊ ဆက်လက်တင်ပြလိုသည်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မိမိတို့ မြန်မာနိုင်ငံအပေါ် စီးပွားရေး အကူအညီများ သာမက နိုင်ငံတကာ နယ်ပယ်မှာပါ ကူညီမှုများ ပေးနေသည့်အတွက် များစွာ ဝမ်းသာအားရ ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် အမေရိကန်နှင့် အနောက်နိုင်ငံအချို့က မြန်မာနိုင်ငံကိစ္စကို လုံခြုံရေး ကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရန် ကြိုးပမ်းရာ၌ တရုတ်နိုင်ငံက မြန်မာဘက်မှ အိမ်နီးချင်းနှင့် မိတ်ဆွေပီသစွာ ရပ်တည်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံ ခေါင်းဆောင်ကြီးများက တရုတ်နိုင်ငံ ခေါင်းဆောင်ကြီးများကို ကျေးဇူးတင်လျက် ရှိကြပါကြောင်း၊ ဆက်လက်ပြီး မြန်မာနိုင်ငံအပေါ်မှာ ဖိအားပေးမှုများ၊ အရေးယူမှုများ ပြုလုပ်လာနိုင်မည့် ဆုံးဖြတ်ချက် (resolution) များ မပြုလုပ်လာနိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဆက်လက်နားလည် စာနာကာ မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်း မူဝါဒ(One China Policy) ကို အစဉ်တစိုက်ကျင့်သုံးလာခဲ့သကဲ့သို့ နောင်တွင်လည်း ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး ထိုင်ဝမ်ကို တရုတ်နိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းတစ်ခုအဖြစ် ခံယူထားပါကြောင်း။

**အကောင်အထည်ဖော်**

မြန်မာနိုင်ငံ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဓိကဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ တတိယအကြိမ်အထိ ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

စတုတ္ထအကြိမ် အမျိုးသားညီလာခံကို ယခုလ၁၀ရက်နေ့က စတင်ကျင်းပလျက်ရှိပြီး ယခုညီလာခံတွင် လွှတ်တော်အသီးသီး၏ ဆက်သွယ်ဆောင်ရွက်မှု၊ နိုင်ငံသား၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ တပ်မတော်စသည့်ကဏ္ဍများအတွက် အသေးစိတ်အခြေခံမူများ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မိမိတို့မြန်မာနိုင်ငံ၏ ပြည်တွင်းရေးဖြစ်ပေါ်တိုးတက်မှုကို အပြည့်အဝနားလည်စာနာပြီး ထောက်ခံမှုပေးသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိကြောင်း၊ စွမ်းအင်နှင့် သယံဇာတလုပ်ငန်းများကို နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ ဆန္ဒရှိပါကြောင်း။ သစ်၊ သတ္တုနှင့် နယ်စပ်ဒေသ စီးပွားရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စများလည်း တိုးတက်မှု ရရှိနေပါကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အပိုင်းမှာလည်း အတော်ပင် အောင်မြင်တိုးတက်နေကြောင်း၊ အထူးသဖြင့် မိမိတို့သည် ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မကြာမီ ပပျောက်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သည့်အပိုင်းတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဖော်ထုတ် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေကြောင်း၊ ဆေးပြားထုတ်လုပ်ရာတွင် အဓိကပါရှိသည့် ဓာတုဆေးရည်မှာ မြန်မာနိုင်ငံတွင် မထုတ်လုပ်နိုင်ကြောင်း၊ သို့ပါ၍ ယင်းဓာတုဆေးရည် တင်သွင်းမှုကို အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နေပါကြောင်းပြောကြားသည်။

**ပိုမိုတိုးတက်**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဖေဖော်ဝါရီလအတွင်းက အဆွေတော် တရုတ်နိုင်ငံ အလည်အပတ်ခရီးစဉ်အတွင်း မိမိတို့ နှစ်ဦးနှစ်ဖက်အကြား တရုတ်–မြန်မာ ဆက်ဆံရေး ပိုမိုနက်ရှိုင်းစွာ တိုးတက်ရန် သဘောတူညီမှု အများအပြား ရရှိခဲ့ပါကြောင်း၊ မြန်မာပြည်သူများအပေါ်ထားရှိသည့် သံယောဇဉ်ကို ဖော်ပြသည့်အနေဖြင့် တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ အတိုးနှုန်း သက်သာသော ချေးငွေ ယွမ်သန်း၃၀၀ ပေးမည်ဖြစ်ပါကြောင်း၊ ယင်းကို မဲခေါင်မြစ်ဝှမ်းဒေသ ဆက်သွယ်ရေး အမြန်ဆက်ကြောင်းလမ်းတည်ဆောက်ရေးအတွက် အသုံးပြုရန် ဖြစ်ပါကြောင်း၊ အတိုးမဲ့ ချေးငွေ ယွမ်သန်း၅၀ကိုလည်းပေးမည်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် ဆုံးဖြတ်သတ်မှတ်မည့်ကိစ္စများတွင် အသုံးပြုရန်ဖြစ်ပါကြောင်း၊ စွမ်းအင်နှင့် သယံဇာတ ဖော်ထုတ်ရေးသည် မြန်မာ–တရုတ် စီးပွားရေး ပူးပေါင်းမှုတွင် အရေးကြီးပါကြောင်း။

ယခုနှစ် မေလအတွင်း နှစ်ဦးနှစ်ဖက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါး အစားထိုးလုပ်ငန်း အထောက်အကူ အဖြစ် တရုတ်နိုင်ငံက ဆန်တန်ချိန် ၁၀၀၀၀ကို အရေးပေါ်စားနပ်ရိက္ခာ အဖြစ် မြန်မာနိုင်ငံဘက်သို့ ထောက်ပံ့ခဲ့ကြောင်း။

**အကူအညီပေးသွားမည်**

နှစ်ဦးနှစ်ဖက် မူးယစ်ဆေးဝါးတိုက်ဖျက်မှုကို ပူးပေါင်းပြီး အစားထိုးသီးနှံလုပ်ငန်းကို ပိုမိုနက်ရှိုင်းစွာ ပြုလုပ်သွားရန် မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်နှင့် ပူးပေါင်းပြီး နယ်စပ်ဒေသ စီမံခန့်ခွဲရေးကို ပိုမိုပူးပေါင်း ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို ကာကွယ်ရန် နှစ်ဖက်ပူးပေါင်း ကြိုးပမ်းသွားလိုပါကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်းရေး တည်ငြိမ်ပြီး စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ကာ အမျိုးသားစည်းလုံးရေး ပိုမိုတိုးတက်မည်ဟုမိမိတို့ နှစ်နှစ်ကာကာ ယုံကြည်ပါကြောင်း၊ တရုတ်အစိုးရက မြန်မာနိုင်ငံအပေါ် ထားရှိသည့် ပေါ်လစီမှာ တစ်သမတ်တည်းဖြစ်ပြီး အပြောင်းအလဲမရှိကြောင်း၊ မြန်မာပြည်တွင်းရေး ကိစ္စကို မြန်မာအစိုးရနှင့် ပြည်သူများကသာ မိမိတို့ ဘာသာဖြေရှင်းရမည်ဖြစ်ပြီး ပြည်ပမှ မြန်မာပြည်တွင်းရေး ကိစ္စတွင် ဝင်ရောက်စွက်ဖက်ကာ အရေးယူခြင်းကိုမိမိတို့ မလိုလားကြောင်း၊ အထူးသဖြင့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် မြန်မာ့ကိစ္စကို ထည့်သွင်းခြင်းကို ဆန့်ကျင်ပါကြောင်း၊ တရုတ်နိုင်ငံသည် နိုင်ငံတကာနယ်ပယ်တွင် မြန်မာနိုင်ငံကို ဆက်လက် အကူအညီ ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဘုံကထိန်လျာသင်္ကန်းဆက်ကပ်

**နေပြည်တော် နိုဝင်ဘာ ၃**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ (၁၄)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပျဉ်းမနားမြို့ မာရ်အောင်ကျောင်းတိုက်၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့က ကထိန်လျာသင်္ကန်းကို မာန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝအား ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏဝံသက ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စတုတ္ထအကြိမ် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရန်ကုန်တိုင်း) တို့၏ စတုတ္ထအကြိမ် ဘုံကထိန်သင်္ကန်းကပ်လှူပွဲအခမ်းအနားကို နိုဝင်ဘာ ၂ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ နန်းဦး(ပရဟိတ) ကျောင်းတိုက်၌ ကျင်းပရာ **(အပေါ်ပုံ)**နန်းဦး (ပရဟိတ) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မ သေဋ္ဌ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့် ဝန်ထမ်း မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နန်းဦး(ပရဟိတ) ကျောင်းတိုက်မှ ဓမ္မကထိက ဘဒ္ဒန္တဝဏ္ဏိတသရထံမှ ပရိသတ်တို့က ကထိန်အနုမောဒနာတရားတော်ကို နာယူကြသည်။ **(သတင်းစဉ်)**

## ဒေါ်စုကြည်၏မိသားစုဆရာဝန်က ဒေါ်စုကြည်ထံ မသွားရောက်ခြင်းမှာ ၎င်း၏သဘောဆန္ဒအလျောက်ဖြစ်ကြောင်း ကိုယ်တိုင်စာရေးသားပေးပို့တင်ပြ

နေပြည်တော် နိုဝင်ဘာ ၃

**ဒေါ်စုကြည်၏ မိသားစုဆရာဝန်ဖြစ်သူ အထူးကုဆရာဝန်ကြီး ဒေါက်တာတင်မျိုးဝင်းက စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း ဒေါ်စုကြည်ထံ မသွားရောက်ခဲ့မှုနှင့်ပတ်သက်၍ ၎င်း၏သဘောဆန္ဒအလျောက် မသွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာသို့ ကိုယ်တိုင်စာရေးသားတင်ပြခဲ့ကြောင်း သိရှိရသည်။**

**ဆေးကုသခွင့်ပြုထား**

ဒေါက်တာတင်မျိုးဝင်းအား ဒေါ်စုကြည်၏ ကျန်းမာရေးအခြေအနေ စစ်ဆေးကုသရန်နှင့် ဆေးအကာအကွယ်ပေးနိုင်ရန် သာမန်အားဖြင့် တစ်လလျှင်တစ်ကြိမ် ဝင်/ထွက် ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း၊ ထို့အပြင် ဒေါ်စုကြည်၏ အရေးပေါ်ကျန်းမာရေး ချို့ယွင်းမှုဖြစ်လာပါကလည်း အချိန်နှင့်တစ်ပြေးညီ ဆေးကုသခွင့်ပြုထားကြောင်း။

ဒေါက်တာတင်မျိုးဝင်းသည် ဒေါ်စုကြည်၏နေအိမ်ခြံဝင်းအတွင်း ခြံစည်းရိုးများ၊ ရေပိုက်၊ ရေလှောင်ကန်များ လဲလှယ်ပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်မီးကြိုးများ၊ မီးချောင်း၊ မီးသီးများပြုပြင်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်း စသည်ဖြင့် အခြားဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း ကိုယ်တိုင်တာဝန်ယူစီစဉ်ပေးရကြောင်း သိရှိရသည်။

**အခြေအနေသုံးသပ်**

ဒေါက်တာတင်မျိုးဝင်းသည် ဒေါ်စုကြည်ထံ ဩဂုတ် ၂၄ရက်က နောက်ဆုံးအကြိမ် သွားရောက်ခဲ့ကြောင်း၊ ၎င်းသည် ဒေါ်စုကြည်ထံ စက်တင်ဘာနှင့် အောက်တိုဘာလတွင် မသွားရောက်ခြင်းမှာ သက်ဆိုင်ရာက တားမြစ်မှုကြောင့်မဟုတ်ဘဲ စက်တင်ဘာလအတွင်းက NLD ၏ နှစ်ပတ်လည်နေ့ အခမ်းအနားပြုလုပ်ခြင်း၊ “၈၈”မျိုးဆက်ကျောင်းသားအုပ်စုဝင် မင်းကိုနိုင်၊ ကိုကိုကြီးတို့ငါးဦးအား သက်ဆိုင်ရာက ခေါ်ယူတွေ့ဆုံ မေးမြန်းနေခြင်း၊ အောက်တိုဘာလတွင်လည်း “၈၈” မျိုးဆက်ကျောင်းသားများက လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးသည့် လှုပ်ရှားမှုများပြုလုပ်နေခြင်း စသည်တို့ကြောင့် အခြေအနေကိုသုံးသပ်၍ ဒေါ်စုကြည်ထံ မသွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်း၏ ကိုယ်တိုင်ရေးသားထားသည့်စာတွင် ဖော်ပြထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# မြန်မာ့ရုပ်ရှင်လုပ်ငန်း မိသားစုဘုံကထိန် သင်္ကန်းကပ်လှူပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းမိသားစု၏ ဘုံကထိန်သင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ ရတနာဗိမာန်ဘုန်းတော်ကြီးသင်ပညာရေး (မူလွန်)ကျောင်း၌ ကျင်းပသည်။**

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ ပရိသတ်များက ရတနာဗိမာန် ဘုန်းတော်ကြီးသင် ပညာရေး (မူလွန်)ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာသူများက ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

**အမျှပေးဝေ**

ဆက်လက်၍ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြပြီး ပရိသတ်တို့က ဇေယျတုကျောင်းတိုက် ယပ်ကိုင်အောင်သပြေဆရာတော် ဓမ္မကထိက ဘဒ္ဒန္တဝိလာသထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# ပန်းတည်းတန်းအရဏ်တော်ဝတ်အသင်း ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

ကြည့်မြင်တိုင်မြို့နယ် ပန်းတည်းတန်း အရဏ်တော်ဝတ်အသင်း၏ (၆၅)ကြိမ်မြောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ၁၃ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယခုနှစ်(၆၅)ကြိမ်မြောက် ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ပွဲတွင် ရွှေအလေးချိန် သုံးကျပ်သားစီရှိသော ရွှေပြားသင်္ကန်းတော် ၂၉ပြား၊ စုစုပေါင်း အလေးချိန် ၈၇ကျပ်သား တန်ဖိုးငွေကျပ် ၃၉၁၅၀၀၀၀ရှိသော ရွှေသင်္ကန်းတော်များကို လှူဒါန်းမည်ဖြစ်သည်။

**ပူဇော်ခံမည်**

ရွှေပြားသင်္ကန်းတော်များကို အလှူရှင် စေတနာရှင်များ ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရန်အတွက် နိုဝင်ဘာ၁၃ရက်တွင် ကြည့်မြင်တိုင်မြို့နယ် အတွင်းတွင်လည်းကောင်း၊ နိုဝင်ဘာ၁၄ရက်တွင် စမ်းချောင်းမြို့နယ် အတွင်းတွင်လည်းကောင်း လှည့်လည် ပူဇော်ခံမည်ဖြစ်သည်။

ပန်းတည်းတန်းအရဏ်တော်ဝတ်အသင်းဓမ္မာရုံ အလှူမဏ်လာမဏ္ဍပ်တွင် နိုဝင်ဘာ ၁၆ရက်မှ ၂၅ရက် အထိ ၁၀ရက်တိုင်တိုင်တရားပွဲများ ကျင်းပမည်ဖြစ်ပြီး ဓမ္မကထိကဆရာတော် ၁၀ပါးက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။

**အရဏ်ဆွမ်း**

နိုဝင်ဘာ၂၆ရက်နှင့် ၂၇ရက်များတွင် ဆွမ်းတော်ကြီးဆက်ကပ်လှူမည်ဖြစ်ပြီး နိုဝင်ဘာ၂၈ရက်တွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၅၈ပါးတို့အား အရဏ်ဆွမ်းကပ်လှူကာ စာရေးတံမဲများလှူဒါန်း၍ ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၂၉ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ (၁၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပစဉ်။**
(သတင်းစဉ်)

# “၈၈” မျိုးဆက်ကျောင်းသားအုပ်စုဝင်များ ရွှေတိဂုံစေတီရင်ပြင်ပေါ်၌ ဘာသာရေးခုတုံးလုပ်၍ နိုင်ငံရေးလှုပ်ရှားမှုပြုလုပ်ခဲ့သဖြင့် ဂေါပကအဖွဲ့က မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားစာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၃**

“၈၈”မျိုးဆက်ကျောင်းသားအုပ်စုဝင်များ၊ NLD ပါတီဝင်များ၊ ထုတ်ပယ်ခံ NLD ဝင်ဟောင်းများနှင့် ဝါရင့်နိုင်ငံရေးသမားများသည် ဘာသာရေးကို ခုတုံးလုပ်သည့် နိုင်ငံရေးလှုပ်ရှားမှုအဖြစ် အောက်တိုဘာ၂၉ရက်တွင် ရွှေတိဂုံစေတီတော်ပေါ်သို့ စုရုံးလှုပ်ရှားခဲ့သဖြင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားစာပေးပို့ထားကြောင်းသိရှိရသည်။

**တူညီစွာဝတ်ဆင်**

ဖြစ်စဉ်မှာ “၈၈”မျိုးဆက်ကျောင်းသား အုပ်စုဝင် မြအေး၊ ဂျင်မီ(ခေါ်) ကျော်မင်းယုတို့အပါအဝင် အဖွဲ့ဝင် ၁၀၀ခန့်သည် အောက်တိုဘာ၂၉ရက် နံနက်၇နာရီမှ ၉နာရီခွဲအထိ ဝတ်ပြုဆုတောင်းပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ ရာဟုထောင့် အောင်မြေ၌ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီပေါ်၌ လူအုပ်စုဖြစ်အောင် စုရုံး၍ စေတီတော်အား လက်ယာရစ်လှည့်လည်ခြင်း၊ အောင်မြေ၌ မြအေးနှင့် ဂျင်မီတို့က ဝတ်ပြုဆုတောင်းခြင်းကို ကျယ်လောင်စွာ တိုင်ပေးခြင်းနှင့် လူစုလူဝေးဖြင့် ဂြိုဟ်တိုင်များတွင် ဖယောင်းတိုင်ထွန်းခြင်းတို့ကိုပြုလုပ်ကာ မုခ်အသီးသီးမှ ပြန်ဆင်းသွားခဲ့ကြောင်း၊ ၎င်းတို့သည် အင်္ကျီအဖြူရောင်များကိုလည်း တူညီစွာဝတ်ဆင်လာခဲ့ကြောင်း။

**စိတ်အနှောင့်အယှက်ဖြစ်**

၎င်းတို့၏ လှုပ်ရှားမှုကြောင့် အေးချမ်းစွာကုသိုလ်ယူလိုကြသည့် ဘုရားဖူးများ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပြီး ဒဂုံတောင်မြို့နယ်မှ NLD ပါတီဝင် သိန်းညွန့်(ခေါ်)ကိုအေး၊ သင်္ဃန်းကျွန်းမြို့နယ်မှ ရင်ရင်မြတ်တို့အား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့နှင့် ဘုရားလုံခြုံရေးအဖွဲ့မှ တာဝန်အရ စစ်ဆေးမေးမြန်းစဉ် မချေမငံ ရန်တွေ့စကားပြောကြားခဲ့သဖြင့် ဘုရားဖူးလာသူများ စိုးရိမ်စိတ်ဖြစ်ခဲ့ရကြောင်း။

**တိုင်ကြားခဲ့**

ထိုကဲ့သို့ ငြိမ်းချမ်းရေးဝတ်ပြုဆုတောင်းပွဲဟု အမည်တပ်၍ နိုင်ငံရေးအမြတ်ထုတ်လှုပ်ရှားမှုနှင့် ပတ်သက်ပြီး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က “၈၈”မျိုးဆက်ကျောင်းသားအုပ်စုသည် အများပြည်သူ ရဟန်းရှင်လူများ အေးချမ်းစွာ ဘုရားဝတ်ပြုနေသည်ကို နှောင့်ယှက်ခြင်း၊ နိုင်ငံတည်ငြိမ်ရေးကို ပျက်ပြားစေရန် လှုံ့ဆော်နေခြင်းတို့အတွက် ဥပဒေနှင့်အညီ အရေးယူ ပေးပါရန် ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ထုတ်ပြန်ထားသော တရားပွဲနှင့် အခြားအခမ်းအနားဆိုင်ရာ စည်းကမ်း၊ ဂေါပကအဖွဲ့စည်းမျဉ်းအပိုဒ်၇၇(ဏ) အပိုဒ်ခွဲ(၁၀)၌ “အခမ်းအနားပြုလုပ်လိုသူများသည် မိမိတို့ပြုလုပ်လိုသည့် အခမ်းအနားအစီအစဉ်နှင့် ရည်ရွယ်ချက်၊ ကြီးကြပ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များနှင့် အခမ်းအနားတွင် ဟောပြောမည့် ပုဂ္ဂိုလ်စာရင်းများကို ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှ ပြုလုပ်ခွင့်ရှိသည်”ဟု ဖော်ပြထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**အောက်တိုဘာ ၂၉ ရက်က ရွှေတိဂုံစေတီရင်ပြင်ကို နိုင်ငံရေးရင်ပြင်အဖြစ် ဘာသာရေးခုတုံးလုပ်ကာ စုရုံးလှုပ်ရှားခဲ့မှုအား ဤသို့ တွေ့ရသည်။**



# ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသားကျောင်းသူများ၏ သတ္တမအကြိမ် အာစရိယပွဲဇော်ပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသော ဓနေဖြူ ဦးစိုးမြင့် ဖုန်း–၀၉၅၁–၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း–၅၆၅၃၁၇၊ ဦးဇော်သိန်းထွန်း ဖုန်း–၀၉၅၀၀၀၆၉၀၊ ဦးမောင်မောင် (ဒိုက်ဦး)ဖုန်း–၂၅၂၉၂၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်မှု(၁)ဝန်ကြီးဌာနအထူးဈေးရောင်းပွဲတော်(ပြည်) ရက်တိုးရောင်းချသွားမည်

**ရန်ကုန် နိုဝင်ဘာ ၃**

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (ပြည်)ကို အောက်တိုဘာ၂၅ရက်တွင် ပဲခူးတိုင်း အနောက်ပိုင်း ပြည်မြို့ ဆံတော်ရပ်ကွက် ဗိုလ်ချုပ်လမ်း ဘူတာရှေ့ ရွှေဆံတော်ဘုရားပွဲတော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ယင်းဈေးပွဲတော်တွင် အမှတ်(၁) စက်မှု ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးအား ရောင်းချပေးလျက်ရှိရာ နိုဝင်ဘာ၂ရက်နေ့အထိ ငွေကျပ်၈၄ဒသမ၁၉၉သန်းဖိုး ရောင်းချရသည်။

စက်မှု(၁) အထူးဈေးရောင်းပွဲတော် (ပြည်)ကို ပိတ်ရက်သတ်မှတ်သည့် နိုဝင်ဘာ၃ရက်အား နိုဝင်ဘာ၆ရက်အထိ ရက်တိုးရောင်းချသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းပိုင်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းပိုင်အဆောက်အအုံသစ်အဖြစ် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ရန်ကြီးအောင်လမ်း တိုက်အမှတ် (၀၀၁)ကို အသင်းသားအသင်းသူ စေတနာရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၂၂၀ဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ရာ အသင်းရုံး အဆောက်အအုံသစ်ဖွင့်လှစ်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို နိုဝင်ဘာ ၁၂ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဖိတ်ကြားထား**

အဆိုပါနေ့တွင် အသင်းဝင်အဖြစ် လက်ခံခြင်းကို ပြုလုပ်သွားမည်ဖြစ်၍ အသင်းဝင်လိုသူများ၊ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုတွင် စွမ်းအင်ကဏ္ဍသည် အရေးပါ စွမ်းအင်ဖူလုံမှု ထိရောက်သောစီမံခန့်ခွဲမှု အလေးအနက်ထား စဉ်းစားလုပ်ဆောင်

✡ *ကျောဖုံးမှ*

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာဘင် ဟာဂျီ အာမက် ဘာဒါဝီ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကပါဂလ် အာရိုယို၊ စင်ကာပူ သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အငြိမ်းစား ဗိုလ်ချုပ်ကြီး စူရာယုဒ် ချူလာနွန်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်း အင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ရထားပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည် ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ကျော်၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားနှင့် နိုင်ငံရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်း သန်းဌေး၊ အာဆီယံနိုင်ငံများနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိ ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ အွန်ကင်ယွန်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရ အဖွဲ့ အကြီးအကဲများသည် ထိပ်သီး အစည်းအဝေးကျင်းပမည့် International Conference Center သို့ မွန်းလွဲ ၂ နာရီခွဲမှ စတင်၍ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊အစိုးရအဖွဲ့အကြီးအကဲ များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီး အကဲများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် တို့သည် International Conference Center, Multifunctional Hall အဝင်၌ စီစဉ်ပြသထားသည့် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့၏ နိုင်ငံကိုယ်စားပြု ဓာတ်ပုံများကို ကြည့်ရှုကြသည်။

ယင်းနောက် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့် (၁၅) နှစ်မြောက် ထိပ်သီးအစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် စတင် ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံ တော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က အဖွင့်မိန့်ခွန်း ပြော ကြားသည်။

## အဖွင့်မိန့်ခွန်းပြောကြား

ဆက်လက်၍ ဖိလစ်ပိုင် သမ္မတ နိုင်ငံ သမ္မတမဒမ်ဂလိုရီယာ မာကပါ ဂလ်အာရိုယိုက အဖွင့်မိန့်ခွန်းပြောကြား သည်။

ထို့နောက် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့်သမိုင်း မှတ်တမ်းတင် ရုပ်ရှင်ကားကို ပြသပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြ သည်။ ယင်းနောက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံ ခေါင်းဆောင်များက အက္ခရာစဉ်အလိုက် မိန့်ခွန်းပြောကြား ကြရာ ပထမဦးစွာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီး ချုပ် မစ္စတာ ဝမ်ကြားပေါင်က မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ ဘရူနိုင်း ဒါရုဆလမ် နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာ နာလ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒို လာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ဘုဖာဝမ်း နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီအဗ္ဗဒူလာဘင် ဟာဂျီအာ မက်ဘာ ဒါဝီတို့က မိန့်ခွန်း ပြောကြားကြ သည်။

ထို့နောက် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မိန့်ခွန်းပြောကြား ရာတွင် တိုတောင်းသည့် အချိန်အတွင်း တွင် အာဆီယံ-တရုတ် ဆက်ဆံရေး သည် ပိုမိုထင်ရှားတိုးတက် ရှင်သန် လာခဲ့ကြောင်း၊ မိမိတို့၏ စီးပွားရေး စနစ်များသည် ဘက်စုံ ဖွံ့ဖြိုးတိုးတက် နေကြပြီး ဤကဲ့သို့တိုးတက်မှုများသည် မိမိတို့ပြည်သူများ၏ လူနေမှုအဆင့်ကို သိသာစွာ တိုးတက်စေနိုင်ခဲ့ကြောင်း၊ ဤအလားအလာသည်မိမိတို့၏ ဆွေးနွေး ဖက်နိုင်ငံ ဆက်ဆံရေးကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်စေမည့်ဝန်းကျင်ကို ဖန်တီးပေးလျက်ရှိကြောင်း။

မကြာသေးမီ နှစ်များအတွင်းတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား၌ သိသာထင်ရှားသည့် သမိုင်းမှတ်တိုင် များ စိုက်ထူနိုင်ခဲ့သည့်အတွက် မိမိ အနေဖြင့် များစွာအားရမိကြောင်း။

## နားလည်သဘောပေါက်မှု

ဖြစ်ပေါ် တိုးတက်မှုများအနက် မကြာမီနှစ်များအတွင်းက အပြုသဘော ဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုတစ်ခု မှာ တောင်တရုတ်ပင်လယ်ဒေသ နိုင်ငံ များ၏ ကျင့်ဝတ်ဆိုင်ရာ ပြုမူဆောင် ရွက်မှုဆိုင်ရာ ကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား နားလည်သဘော ပေါက်မှုပင်ဖြစ်ကြောင်း။

ဤကြေညာစာတမ်းသည် ဒေသ ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို အထောက်အကူပြုကြောင်း၊ ယခု အခွင့် အခါကိုယူပြီး မိမိအနေဖြင့် ထပ်မံ အတည်ပြုပြောကြားလိုသည်မှာ မိမိတို့ အနေဖြင့် တရုတ်တစ်နိုင်ငံတည်း ဟူသည့် မူဝါဒကိုခိုင်မြဲစွာ ခံယူထား သည်ဆိုသည့်အချက်ပင်ဖြစ်ကြောင်း။

## အလေးအနက်ထား

ကမ္ဘာနှင့်အဝန်း အပြန်အလှန်မှီခို ယှက်နွယ်ဆက်စပ်မှုများ ဖြစ်ပေါ်လာ သည့်ခေတ်တွင် မိမိတို့အနေဖြင့် မူးယစ် ဆေးဝါး တရားမဝင်ကူးသန်း ရောင်း ဝယ်မှု၊ ကလေးသူငယ်များနှင့် အမျိုး သမီးများအား လူကုန်ကူးမှု စသည့် သမားရိုးကျမဟုတ်သော လုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များတွင် အရေးထား ဆောင်ရွက်ရန် လိုအပ်နေသည်ကို အလေးအနက်ထား ထောက်ပြလို ကြောင်း။

## ပိုမိုခိုင်မာ

အာဆီယံ-တရုတ်နိုင်ငံ မူးယစ် ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင် ရွက်မှု အစီအစဉ် ASEAN-China Cooperative Operations in Response to Dangerous Drugs (ACCORD) သည် အာဆီယံနှင့် တရုတ်နိုင်ငံအကြားတွင် မူးယစ်ဆေး ဝါးကိစ္စနှင့် ပတ်သက်သည့် ပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်လိုက်သော ဥပမာကောင်း တစ်ရပ်ဖြစ်ကြောင်း။

ဤအစီအမံသည် အာဆီယံ၏ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါး ကင်းဝေးရေး ကြိုးပမ်းမှုကို များစွာ အထောက်အကူပြုကြောင်း၊ အာဆီယံ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မူးယစ် ဆေးဝါးပြဿနာကို အလေးထား ဖြေရှင်းလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံသည် အာဆီယံ ဘောင်ထဲမှလည်းကောင်း၊ နှစ်နိုင်ငံ ချင်းအနေဖြင့်လည်းကောင်း၊ တရုတ် နိုင်ငံနှင့် အပြည့်အဝပူးပေါင်း ဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အခြားသော သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပိုမိုတိုးချဲ့ ဆောင်ရွက်သွားလိုသည့်ဆန္ဒ ရှိကြောင်း။

တရုတ်နိုင်ငံအနေဖြင့် အရှေ့ပိုင်း နှင့် အနောက်ပိုင်း ပြည်နယ်များကြား ဖွံ့ဖြိုးမှု ကွာဟချက်များကို လျော့နည်း စေရန်ကြိုးစားနေသကဲ့သို့ အာဆီယံ အနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံများ အကြား ဖွံ့ဖြိုးမှုကွာဟချက်များကို လျော့နည်းအောင် ဆောင်ရွက်လျက် ရှိကြောင်း။

အာဆီယံ အသိုက်အဝန်းအဖြစ် ပိုမို ပေါင်းစည်းမှုများ မဆောင်ရွက်မီ ဖွံ့ဖြိုးမှုကွာဟချက်များကို ကျဉ်းမြောင်း စေခြင်းသည် အရေးပါသော ကြိုတင် ဖြည့်ဆည်းရမည့် လိုအပ်ချက်တစ်ရပ် လည်းဖြစ်ကြောင်း။

## လွတ်လပ်စွာကုန်သွယ်မှု

အာဆီယံ-တရုတ် ဆွေးနွေးဖက် နိုင်ငံ ဆက်ဆံရေးတွင် သိသာထင်ရှား သည့်အောင်မြင်မှုတစ်ရပ်မှာအာဆီယံ- တရုတ်လွတ်လပ်စွာ ကုန်သွယ်မှုဇုံဧရိယာ ကို အကောင်အထည်ဖော်မှုပင်ဖြစ် ကြောင်း။

၂၀၀၂ ခုနှစ် နိုဝင်ဘာ ၄ ရက် အာဆီယံ-တရုတ် အလုံးစုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင် သဘောတူညီချက်ကို လက်မှတ်ရေးထိုး ပြီး နောက်ပိုင်း၌ အာဆီယံနှင့် တရုတ် နိုင်ငံအကြား ကုန်စည်များ ကုန်သွယ်မှု ဆိုင်ရာ သဘောတူညီချက်နှင့် ဝါဒဖြေ ပဋိပက္ခမှုများ ဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ် ရေးထိုး နိုင်ခဲ့ကြကြောင်း၊ ဝန်ဆောင်မှု များဆိုင်ရာ ကုန်သွယ်မှုသဘောတူညီ ချက်နှင့် ပတ်သက်၍ တိုးတက်မှုများ ရရှိနေသည်ကိုသိရ၍ များစွာကျေနပ်မိ ကြောင်း။

## စံနမူနာကောင်း

ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှုနှင့် ခရီး သွားလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရာတွင် အာဆီယံ-တရုတ် ကုန်စည်ပြပွဲသည် စံနမူနာကောင်း တစ်ခုပင်ဖြစ်ကြောင်း။

အာဆီယံ-တရုတ် ကုန်စည်ပြပွဲ သည် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက် မှုကို များစွာ အထောက်အကူပြုခဲ့ ကြောင်း။

***စာမျက်နှာ ၈ ကော်လံ ၁ သို့***




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေး နှင့် စပ်လျဉ်းသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

လွန်ခဲ့သည့် တစ်နှစ်ကျော်က မိမိ ဤနေရာကိုရောက်ရှိချိန်တွင် အာဆီယံနှင့် တရုတ်အကြား ကုန်သွယ်မှုကို ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ ရောက်ရှိအောင် ရည်မှန်းချက်ထားရှိခဲ့ကြကြောင်း။

စွမ်းအင်ကဏ္ဍသည် အာဆီယံ–တရုတ် ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်ကို အလေးအနက်ထား ပြောကြားလိုကြောင်း၊ တည်ငြိမ်ပြီး ကြိုတင်ခန့်မှန်းနိုင်သည့် စွမ်းအင်ဈေးနှုန်းများဖြင့် စွမ်းအင်ရရှိနိုင်ရန် လိုအပ်ကြောင်း၊



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံ–တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရ သစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

## များစွာကျော်လွန်

ယနေ့တွင် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုသည် မူလရည်မှန်းသည်ထက် များစွာကျော်လွန်ခဲ့ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၃၀ အထိ ရောက်ရှိခဲ့ကြောင်း။

ရေရှည်တည်တံ့သော ဓာတ်ငွေ့နှင့်ရေနံထုတ်လုပ်မှုနှင့် ... ရေရာသေချာမှုမရှိလျှင် မိမိတို့စီးပွားရေးစနစ်များ၏အနာဂတ် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းအင်ဖူလုံမှု ထိရောက်သော စွမ်းအင်စီမံခန့်ခွဲမှု ကိစ္စရပ်များနှင့် ပတ်သက်၍ အလေးအနက်ထား စဉ်းစားလုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

## ဖြည့်စွက်အသုံးချ

သမားရိုးကျ လောင်စာစွမ်းအင်များ အစဉ်မပြတ်ရရှိနိုင်မှုကို ဆောင်ရွက်ရုံမျှသာမက အစားထိုးလောင်စာ၊ ပြန်လည်ဖြည့်တင်းနိုင်သည့် လောင်စာစွမ်းအင်များ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ လျင်မြန်စွာကုန်ဆုံးလာနေပြီး ပြန်လည် ဖြည့်တင်းနိုင်ခြင်းမရှိသည့် လောင်စာစွမ်းအင် ဓာတ်မြစ်များကို အစားထိုးခြင်း၊ ဖြည့်စွက်အသုံးချခြင်းများ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

ပြည်သူများအချင်းချင်း ထိတွေ့မှုများတိုးတက်စေခြင်းသည် မိမိတို့ဆက်ဆံရေး၏ အဓိကကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ဤကဏ္ဍနှင့် ပတ်သက်ပြီး အာဆီယံနှင့် တရုတ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများ မြှင့်တင်ခြင်း၊ လူငယ်နှင့် ယဉ်ကျေးမှုဖလှယ်မှုများဆောင်ရွက်ခြင်း၊အားကစားနှင့် ပညာရှင်များအကြား ဖလှယ်ခြင်းစသည်တို့၏အရေးပါမှုကို ထပ်လောင်းပြောကြားလိုကြောင်း။

## တစ်စုတစ်စည်းတည်း

အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့သည် နိုင်ငံတကာရေးရာ များစွာတို့တွင် တစ်သဘောတည်း ရှိကြကြောင်း၊ မိမိတို့အားလုံး အကျိုးဝင် သက်ရောက်သည့် ကိစ္စရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူ ရပ်တည်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ တစ်စုတစ်စည်းတည်းသော ရပ်တည်ချက်ဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ တရုတ်နိုင်ငံက မြဲမြံစွာရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

ဤအစည်းအဝေးသည် မိမိတို့၏ ၁၅ နှစ်တာ ဆွေးနွေးဖက်ဆက်ဆံရေးကို အသိအမှတ်ပြုကျင်းပသည့် ထိပ်သီးအစည်းအဝေးသက်သက်သာ မဟုတ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

ဤအစည်းအဝေးသည် မိမိတို့၏ ဆက်ဆံရေးကို ပိုမိုတိုးတက် ခိုင်မာစေမည့် အနာဂတ်အလားအလာကို ပုံဖော်ပေးနိုင်သည့်အပြင် အရှိန်အဟုန်ကို တိုးမြှင့်ပေးစေမည့် အစည်းအဝေးဖြစ်ကြောင်း၊မိမိတို့၏ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်စလုံး၏ အကျိုးစီးပွားကို တိုးတက်စေလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် အငြိမ်းစား ဗိုလ်ချုပ်ကြီး စူရာယုဒ် ချူလာနွန်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့က မိန့်ခွန်းပြောကြားကြသည်။

## နိဂုံးချုပ်မိန့်ခွန်းပြောကြား

ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့က နိဂုံးချုပ် မိန့်ခွန်းပြောကြားကြပြီး ညနေပိုင်းတွင် ထိပ်သီးအစည်းအဝေး ကျင်းပပြီးစီးသည်။

ထိပ်သီးအစည်းအဝေးအပြီးတွင် Liyuan Hotel, International Conference Center Meeting Room ၌ ပူးတွဲ ကြေညာချက် လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့သည် ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ ပူးတွဲ သတင်းစာရှင်းလင်းပွဲကို အဆိုပါ Meeting Room ၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာဂါပါဂလ် အာရိုယိုတို့က အာဆီယံ–တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့်(၁၅)နှစ်မြောက် ထိပ်သီး အစည်းအဝေးနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကြသည်။

ပူးတွဲ သတင်းစာရှင်းလင်းပွဲအပြီးတွင် အာဆီယံ–တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံ–တရုတ် ဆွေးနွေးဖက်နိုင်ငံ ထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)







နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း Nanning People's Hall ၌ ဂုဏ်ပြုကပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထိပ်သီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရ သစ်ပင် စိုက်ပျိုးပွဲကို Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၁၇)ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့သည် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ဂုဏ်ပြုညစာစားပွဲတက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ညနေ ၆ နာရီ ၁၅ မိနစ်တွင် Liyuan Hotel, International Conference Center, Banquet Hall ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ် တရုတ်ရိုးရာတေးဂီတများဖြင့် ဖျော်ဖြေသည်။

## ကြည့်ရှုအားပေး

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် Nanning People's Hall သို့ သွားရောက်၍ ဂုဏ်ပြုကပွဲကို ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုကပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၈)သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ဘုရား၊ စေတီများ၌ မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲဖွင့်

ရန်ကုန် နိုဝင်ဘာ ၃

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်ကန်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် မင်္ဂလာအောင်မြေ၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။**

ထို့နောက် (၂၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးဘရွှေက ဖွင့်ပွဲမင်္ဂလာစကား ပြောကြားသည်။

## ယှဉ်ပြိုင်

ယင်းနောက် (၂၂)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ် ကပ်လှူပွဲ ရက်ကန်းပြိုင်ပွဲအား ဂေါပကအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ကြီးကြပ်ရေးအဖွဲ့မှ ခေါင်းလောင်းတီးအချက်ပေး စတင်ရာ ပြိုင်ပွဲဝင်အသင်း ကိုးသင်းက မသိုးသင်္ကန်းများအား အပြိုင် အဆိုင်ခတ်၍ ယှဉ်ပြိုင်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်၏ မြန်မာ့ရိုးရာတန်ဆောင်တိုင်မီးထွန်းပွဲတော်ကို အလယ်ပစ္စယာရာဟုထောင့်ရှိ ပုံတော်စေတီ၌ ကျင်းပကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားစေရေးနှင့် ထုံးတမ်းစဉ်လာယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက် ဖော်ဆောင်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် (၂၄)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ယှဉ်ပြိုင်ပွဲနှင့် ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီက စေတီရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ကျင်းပရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်ဆု၊ ဦးလှထွန်း၊ ဦးခင်ဆွေ၊ ဦးစန်ဝင်း၊ ဦးခင်မောင်ဝင်းနှင့် အလှူရှင်မိသားစုများ၊ ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဧရာဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်က အဖွင့်အမှာစကားပြောကြားကာ တာဝန်ခံအလှည့်ကျ ဂေါပက ဦးအောင်ဆုက စီစဉ်ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်၊ ဆိပ်ကမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ခံအလှည့်ကျဂေါပက ဦးအောင်ဆုတို့က မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲနှင့် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ကံထူးဆုငွေသား မိုးပျံပူဖောင်းများဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ညနေ ၅ နာရီခွဲတွင် ဒေဝဏ္ဏရာ၊ ဂေါတမီ၊ ရူပမာလာ၊ မဏိမေခလာ၊ သီရိစန္ဒာ၊ ယသော်ဓရာ၊ ဝဏ္ဏပဘာ၊ ပပဝတီ၊ ဓာတုကလျာ၊ မယ်တော်မာယာ၊ မြနန်းနွယ်၊ ဗုဒ္ဓဝံသရက္ခိတ စသည့် ရက်ကန်းစင် ၁၂ စင်ဖြင့် မသိုးသင်္ကန်းများ ယှဉ်ပြိုင်ရက်ခတ်ကာ ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်လုပ်ခြင်း၊ ရွှေကြာများ ကပ်ခြင်းများဆောင်ရွက်ပြီး တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်၏ ဆံတော်မြတ်နှင့် မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်များအား မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်ပူဇော်မည်ဖြစ်သည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဒသမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ရင်ပြင်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲသို့ ဒသမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်လှူဒါန်း ပူဇော်ရေး ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေးနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

## ဖွင့်လှစ်

ရှေးဦးစွာအခမ်းအနားကိုကြွရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အဆိုပါစေတီတော် အရှေ့ဘက် မင်္ဂလာမုခ်ဦးပြာသာဒ်၌ မသိုးရွှေကြာသင်္ကန်းရက်လုပ်လှူဒါန်း ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အလှူရှင် ဦးအောင်ဒင်တို့က ရွှေကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

## စတင်ရက်လုပ်

ထို့နောက် ရက်ကန်းစင်တော်များအား အမွှေးနံ့သာများ ပက်ဖျန်းပေးပြီး မသိုးရွှေကြာသင်္ကန်း စတင်ရက်လုပ်ကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်တွင် တည်ထားကိုးကွယ်သော ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် စေတီတော် ရင်ပြင်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က မသိုးသင်္ကန်း ရက်ခတ်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ ဒုတိယရဲမှူး မောင်စိုးနှင့် ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရက်ကန်းခတ်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များဖြစ်ကြသော သုဘဒ္ဒါ၊ သာမာဝတီ၊ ဂေါတမီ၊ ပပဝတီ၊ မယ်တော်မာယာ၊ ယသော်ဓရာ၊ ဓမ္မဒိန္နာ၊ ခေမာ၊ ဝိသာခါနှင့် ဥပ္ပလဝဏ်စင်တော်တို့၏ ယှဉ်ပြိုင်ရက်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲများကို ကျင်းပကြသည်။ **(သတင်းစဉ်)**



**တန်ဆောင်မုန်းလပြည့် အကြိုညက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဆီမီးများထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာ ဖူးတွေ့ရစဉ်။** (မြန်မာ့အလင်း)



**နိုဝင်ဘာ ၂ရက်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၏ (၁၈)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံ ကထိန်လျာ သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# အင်းစိန်မြို့နယ် စာပေစာနယ်ဇင်း လေ့လာရေးခရီးထွက်ကြမည်

**ရန်ကုန် နိုဝင်ဘာ ၃**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှကြီးမှူး၍ နိုဝင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့)တွင် ဧရာဝတီတိုင်း ဇလွန်မြို့နယ် ပြည်တော်ပြန်ဘုရားနှင့် ဓနုဖြူမြို့ စစ်သူကြီးမဟာဗန္ဓုလရုပ်တုသမိုင်းကြောင်း လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်သည်။

လိုက်ပါလိုသည့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ မိသားစုများ၊ စာပေဝါသနာရှင်များသည် နိုဝင်ဘာ ၅ရက် (တနင်္ဂနွေနေ့)နောက်ဆုံးထား၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး) ဖုန်း–၆၄၄၁၁၇၊ ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)ဖုန်း–၆၄၅၅၇၉၊ အတွင်းရေးမှူး ဦးမောင်မောင်ဇင် (မောင်မောင်ဇင်)ဖုန်း–၆၄၀၃၀၅နှင့် အမှုဆောင်များ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးခန်းတို့သို့ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ပရဆေးဥယျာဉ် နေပြည်တော်တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတိုးတက်

**နေပြည်တော် နိုဝင်ဘာ ၃**

ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေး ကော်မတီအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီအနေဖြင့် ယခင်အစည်းအဝေးက ဆွေးနွေးချက်များကို ဝန်ကြီးဌာနအလိုက် တာဝန်ယူဆောင်ရွက်ခဲ့မှုကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတွင် များစွာတိုးတက်လာခဲ့ကြောင်းနှင့် ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှုကို အားရကျေနပ်ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ပရဆေးပျိုးဥယျာဉ်ကို နေပြည်တော်တွင် ဝန်ကြီး ဌာနများ၏ စိုက်ကွက်များ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ပရဆေး ပျိုးပင်များ စုဆောင်းထားရှိမှု လက်ရှိအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှာကြားချက်ဖြင့် ဝန်ကြီးဌာနလေးခုတို့ ပေါင်းစပ်၍ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေနေများကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က တာဝန်ယူဆောင်ရွက်နေသည့် ပရဆေးဥယျာဉ်စုဆောင်းစိုက်ပျိုးပြီးစီးမှု အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

## အကြံပြုဆွေးနွေး

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ပရဆေးဥယျာဉ် လှပသာယာရေးအတွက် စနစ်တကျ ဆောင်ရွက်နိုင်ရန် အဓိကလျာထားချက်ကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ညောင်ကျိုးအထက အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုးအခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း၏ ၀ဝန်ဧရာခန်းမတွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ သက်ပြည့်ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည် ဖြစ်စေ မပျက်မကွက် အပူဇော်ခံ ကြွရောက်ပေးကြရန်နှင့်ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများလည်း ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

## ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ ပူဇော်ပွဲငွေပဒေသာပင်စိုက်ထူလိုသော ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ဦးအေးကျော် ဖုန်း–၆၂၆၃၂(ရန်ကုန်)၊ ဦးသန်းထွန်း ဖုန်း–၀၆၇–၄၁၂၁၆၄ (နေပြည်တော်)၊ ဦးကျော်စိန် ဖုန်း–၅၇၇၆၁၂(ရန်ကုန်)၊ ဦးမြင့်ဆွေ ဖုန်း–၂၂၆၅၅၇(ရန်ကုန်)၊ ဒေါက်တာ ငွေဝင်း ဖုန်း–၀၄၄–၂၁၉၁၇(ဟင်္သာတ)၊ ဦးတင်အုန်း ဖုန်း–၀၄၄–၂၁၉၈၂၊ လိုင်းခွဲ–၃၅(ညောင်ကျိုး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ကမ္ဘာ့ဝိပဿနာ လိုဏ်ဂူစေတီတော်အတွက် အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ပုံတော်တူ ကမ္ဘာ့ဝိပဿနာ လိုဏ်ဂူစေတီတော်အတွက် ဆဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ် လှူဒါန်းပွဲကို နိုဝင်ဘာ၁၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မအူပင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

မအူပင်မြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများစုစည်းပြီး ကျောင်းစတင်တည်ထောင်သည့်နှစ်မှစ၍ ၁၉၈၀ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၁၂ရက်တွင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် ဦးတင်စိန် ဖုန်း–၅၁၁၁၇၇၊ ဦးမြတ်စိုး ဖုန်း– ၂၂၄၇၄၀နှင့် ၀၉၅၀–၂၂၈၂၇၊ ဒေါ်မြင့်ကြည် ဖုန်း–၆၆၁၂၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အင်အားအသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် နိုဝင်ဘာ ၃

**ယနေ့မြန်မာစံတော်ချိန် ည ၉နာရီ ၁၄မိနစ် ၂၈စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင်၃၇၀ခန့် ကွာဝေးသော မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အနီး နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်စတာစကေး ၅ဒသမ ၃ အဆင့်ရှိသော အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။** (သတင်းစဉ်)

# ဂဂ မျိုးဆက် မိုက်တွင်းနက်သူများ

**နေခြည်**

မွေးနေ့ဖြစ်သဖြင့် ဘုရားပေါ်သို့ နံနက်စောစော ရောက်လာမိသည်။ ဘဝတူ အငြိမ်းစားမိတ်ဆွေတစ်ဦးနှင့် မမျှော်လင့်ဘဲ ပြန်ဆုံလိုက်ရသည်။ သူက "အလို-ခင်ဗျားလည်း အဖြူရောင်တွေ ဘာတွေနဲ့ပါလား"၊ "ကိုယ့်လူ ဒါမှ ကျုပ်တို့လူ"ဟူ၍ပြောကာ လက်ဆွဲပြီး လာနှုတ်ဆက်လိုက်သည်။ ကျွန်တော်က ဘာဆိုလိုမှန်းမသိ။ အူကြောင်ကြောင်နှင့် ဘာပြန်ပြောရမှန်း မသိ ဖြစ်နေချိန်တွင် သူက ဘုရားပေါ်မှဆင်းသွားသဖြင့် ဘာမေးရမှန်းလည်းမသိ ကြောင်တောင်တောင်ကျန်နေခဲ့သည်။

ကျွန်တော့်ဘေးမှ သမီးဖြစ်သူက "ဖေဖေ ဖေဖေ့ကို ဟိုအဖြူရောင် လှုပ်ရှားမှုမှာ ပါတယ်ထင်ပြီး ပြောနေတာ"ဟု ဆိုလိုက်မှ ကျွန်တော် အတော်လေးစိတ်ဆိုးသွားမိသည်။ ကျွန်တော်သည် ခေတ်အဆက်ဆက် ငြိမ်းချမ်းစွာ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း နိုင်ငံ့သားကောင်း တစ်ယောက်ဖြစ်အောင် ကြံဆောင်နေခဲ့သူဖြစ်သည်။ ယခုနိုင်ငံတော်မှ အငြိမ်းစား လစာကိုစားကာ အေးချမ်းစွာ စာဖတ် စာရေးရင်း ငြိမ်းချမ်းသော ဘဝကို တည်ဆောက်နေသူဖြစ်ပါသည်။ သားတွေ သမီးတွေက အရွယ်ရောက်လာကြပြီး မိဘကို ပြန်လည်ပြုစုနေကြပြီဖြစ်သဖြင့် ဝန်ထမ်းဘဝက မလုပ်နိုင်ခဲ့သော စာရေး စာဖတ်ခြင်းကို ပို၍ အာရုံစိုက် လုပ်ဆောင်နိုင်ခဲ့ပါသည်။

အသက် ၆၀ နီးနီးသို့ ရောက်ခဲ့သည့်တိုင် သူငယ်နာမစင်သေးသည့် သူ့ကိုကြုံတွေ့လိုက်ရသဖြင့် အတော်လေး အံ့အားသင့်နေမိသည်။ ကျွန်တော် သူ့အကြောင်းကို ပြန်စဉ်းစားကြည့်လိုက်မိသည်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝကို စိတ်ကူးတွေပြန်ရောက်သွားသည်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝတွင် သမဂ္ဂဟူ၍မရှိပါ။ သက်ဆိုင်ရာ မြို့နယ်အသင်းလေးတွေတော့ရှိကြသည်။ ဥပမာ-မအူပင်အသင်း၊ ဖျာပုံအသင်းစသည်ဖြင့်ဖြစ်သည်။ ထိုအသင်းများ၏ ရည်ရွယ်ချက်ကလည်း နိုင်ငံရေးအတွက်မဟုတ်၊ လူမှုရေးနှင့် နှစ်ကုန်လျှင် ထမင်းစားပွဲ၊ လေ့လာရေးထွက်ရန်အတွက်လောက်သာဖြစ်သည်။ ကျွန်တော်သည် စာဖတ် စာရေးသာ ဝါသနာကြီးသဖြင့် အသင်းအဖွဲ့များတွင် စိတ်ပါဝင်စားမှု မရှိခဲ့ပါ။ နံနက်က ဘုရားပေါ်တွင် တွေ့ခဲ့သော မိတ်ဆွေသည် ကျောင်းသားဘဝတွင် အသင်းအဖွဲ့တွေနဲ့သာ အချိန်ကုန်လွန်နေသူဖြစ်သည်။ သူက တစ်ခါတစ်ရံ ကျွန်တော့်ထံလာပြီး ဒီနေ့ည ဘယ်အဆောင်မှာ ဘာအစည်းအဝေး လာတက်ပါဆိုပြီး ဆွယ်တရားဟောတတ်သည်။ သူတို့အစည်းအဝေးက ကျောင်းသားသမဂ္ဂအတွက် လှုပ်ရှားမှု အစည်းအဝေးဆိုပြီး ခေါင်းစဉ်တပ်ထားသည်။ တရားမဝင် လှုပ်ရှားမှုဖြစ်သဖြင့် ကျွန်တော်က စိတ်မပါ။ ဘယ်တုန်းကမှလည်း မသွားခဲ့။ တစ်နေ့ သူ့အခန်းတွင်း တိတ်တဆိတ် အစည်းအဝေးလုပ်နေသည်ကို ကျွန်တော်က သူ့ထံတွင် စာအုပ်သွားငှားရင်းကြုံလိုက်ရသည်။ သူက ကျွန်တော့်ကို ကျောင်းသားခေါင်းဆောင်ဆိုသူတွေနှင့် မိတ်ဆက်ပေးသည်။ သူတို့သည် ဘယ်တုန်းက ကျောင်းသားတွေရဲ့ ခေါင်းဆောင် ဖြစ်သွားရပါသနည်း။ ဘယ်သူတွေက သူတို့ကို ရွေးချယ်တင်မြှောက်လိုက်သဖြင့် ခေါင်းဆောင်ဖြစ်သွားရပါသနည်း။

တစ်နေ့ ကျွန်တော်က သူငယ်ချင်းဖြစ်သူကို မင်းတို့ကျောင်းသားခေါင်းဆောင်ဆိုတာတွေကို ဘယ်သူတွေက ရွေးချယ်တင်မြှောက်လိုက်လို့ ခေါင်းဆောင်ဖြစ်သွားရတာလဲဟု မေးကြည့်မိသည်။ သူက သူကိုယ်တိုင် အတွင်းရေးမှူးဖြစ်နေတာ စာရောက်လာမှသိသည်။ ဘယ်တုန်းက ဘယ်နေရာမှာ ရွေးချယ်တင်မြှောက်လိုက်မှန်းမသိဟု ဆိုသည်။

ဤသို့ဖြင့် အရေးအခင်းတွေ အကြိမ်ကြိမ်ဖြစ်ကာ ကျောင်းတွေ အလီလီ ပိတ်ခဲ့ရသည်။ ကျွန်တော်တို့ကျောင်းသားဘဝ အဆောင်အောက်မှ "ဟေ့-မင်းတို့သတ္တိမရှိဘူးလား၊ ဆင်းကြလေ။ ထဘီဝတ်ထားကြ" ဆိုပြီး မခံချင်အောင်လာပြီး သွေးဆွသူတွေကိုကြည့်လိုက်လျှင် ဆံရှည် ကိုယ်တော်တွေ ဖြစ်နေသည်က များသည်။ အဆောင်များတွင် ဆေးခြောက်ရှူ ဘိန်းဖြူထိုးကာ ကဗျာယောင်ယောင်ဖြင့် ဘဝတွင် ကျင်လည်နေသူတွေက သူတို့ကိုယ်သူတို့ ကျောင်းသားခေါင်းဆောင်တွေပမာ လက်သီးလက်မောင်းလာတန်းတာကိုတော့ ကျွန်တော်တို့က မခံချင်။ ဒီတော့ ကျွန်တော်တို့က ပြန်ပြီး သုံးသပ်ကြည့်မိသည်။ ကျောင်းသားအများစု မလုပ်ချင်သည့် အစိုးရဆန့်ကျင်ရေးအလုပ်ကို ဆံရှည်တွေက ရှေ့တန်းမှ ထွက်ပြီး ခေါင်းဆောင်နာမည်ခံ လုပ်ကြသည်ကို ကျွန်တော်တို့က ကျောင်းသားခေါင်းဆောင်ဟု သတ်မှတ်ပြီး နောက်ကလိုက်ကြရမည်လား။ ကျွန်တော်တို့ အဲသည်လောက် တုံးကြသူများ မဟုတ်ကြပါ။

ကျွန်တော်သည် ကိုလိုနီနယ်ချဲ့ခေတ်ကို မီခဲ့သူမဟုတ်ပါ။ သို့သော် ကိုလိုနီအစိုးရလက်ထက် နယ်ချဲ့ကိုတိုက်ပွဲဝင်ခဲ့သည့် ကျောင်းသားများကို အထင်ကြီးလေးစားခဲ့သူ တစ်ဦးဖြစ်ပါသည်။ သူတို့တွင် အထင်ကြီးလေးစားစရာ ပညာ၊ သတ္တိ၊ အကျင့်စာရိတ္တ၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားကောင်းမွန်ကြသည်။ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်၊ ဦးတည်ချက်များ ကောင်းကြသည့်သူများ ဖြစ်သည်။ နိုင်ငံတော် လွတ်လပ်ရေးအတွက် အသက်စွန့်ရန်ပင် ဝန်မလေးသည့်သူများ ဖြစ်ကြသည်ကို ကျွန်တော်တို့ ဖတ်ဖူးမှတ်ဖူး လေ့လာခဲ့ကြဖူးသည်။ အထူးသဖြင့် နိုင်ငံရေးကိုလုပ်တော့မည်ဟု ရည်စူးပြီး သူတို့၏လေ့လာဖတ်ရှုရေးသားခဲ့သည့် နိုင်ငံရေးနှင့်ပတ်သက်သော စာပေများ၊ တိုက်ပွဲဝင်စာပေများကား ယနေ့တိုင် ဂန္ထဝင်မြောက်သည့်စာများအဖြစ် သမိုင်းတွင်ခဲ့သည်။

တက္ကသိုလ်သို့ ကျွန်တော်တို့ခေတ်တွင် ရောက်လာသည့်သူများသည် များသောအားဖြင့် ကဗျာတွင်ယစ်မူးကြသည်က များသည်။ ကဗျာစာအုပ်လေးတွေ တစ်အုပ်တစ်ကျပ်ဖြင့် တရားမဝင်ထုတ်ဝေကာ လိုက်လံရောင်းချကြသည်။ ထိုကဗျာစာအုပ်များဖြင့် သူတို့သည် နိုင်ငံရေးယောင်ယောင်၊ စာပေယောင်ယောင်ဖြစ်နေကြသည်။ နောက်တော့ မော်စီတုန်းတွေ၊ လီနင်တွေ ဖြစ်လာသည်။ ကွန်မြူနစ်မှိုင်းတွင် အတော်လေးဝင်နေသူတွေက သူတို့ကိုယ်သူတို့ ဆရာကြီးတွေအသွင် ဖမ်းကြသည်။ နီရဲသောသူတို့သည် ပစ္စည်းမဲ့သော်လည်း ပစ္စည်းမဲ့ချင်ယောင်ဆောင်ပြီး အမွေပစ္စည်းမဲ့ပုံဖမ်းကာ ဆန့်ကျင်စရာမရှိ၊ တော်လှန်စရာမရှိ ကြံဖန်တော်လှန်ကြရန် ဆုံးဖြတ်ကြသည်။ ဤသို့ဖြင့် တက္ကသိုလ်သည် ထာဝရအေးချမ်းသာယာသည့် နယ်မြေဖြစ်ခဲ့ရာမှ သူတို့ပေါက်ကွဲချင်တိုင်း ပေါက်ကွဲစရာ နေရာတစ်နေရာ ဖြစ်လာသည်။

ထိုအကျိုးဆက်များကား ဘာတွေဖြစ်လာသနည်း။ ပညာသင်ကြားရေးတွင် ငြိမ်းချမ်းမှုမရှိခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် မနှိုင်းယှဉ်ဝံ့လောက်အောင် ပညာရေးတွင် အောက်ကျနောက်ကျဖြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုတလော "၈၈မျိုးဆက်ကျောင်းသားများ"ဆိုသည့်အသံကို ဆူညံစွာ ကြားလာရသည်။ ၈၈ခုနှစ်က ကျောင်းသားများဆိုသည်မှာ ထိုစဉ်ကအသက် ၂၅ နှစ် အရွယ်ရှိသည်ထား၊ ယခုဆိုလျှင် ၄၀ ကျော် ၅၀နားသို့ နီးလာပြီဖြစ်သည်။ ဤအရွယ်သည် ရင့်ကျက်တည်ငြိမ်ပြီး အနည်ထိုင်ကာ စဉ်းစားဆင်ခြင်ရတော့မည်။ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရတော့မည့်အရွယ် ဖြစ်သည်။

**အမေကမွေး ထောင်ကကျွေးဆိုသည်မှာ ကိုလိုနီခေတ်ဆောင်ပုဒ်ဖြစ်သည်။ ထောင်ထဲသွားနေသည့်သူတိုင်း မျိုးချစ်အာဇာနည်တွေမဟုတ်ဆိုသည်ကိုတော့ သတိပြုရမည်။ ထောင်ထဲတွင် နှစ်ကြာစွာနေခဲ့ရခြင်းသည် ဂုဏ်ယူစရာဟူ၍ ယနေ့ခေတ်ကျောင်းသားတွေရှေ့တွင် လာပြောလျှင် မောရုံသာရှိမည်။**

တိုင်းပြည်မအေးချမ်းအောင် နည်းမျိုးစုံဖြင့် လုပ်နေကြသည့်ရလဒ်သည် ကျောင်းသားလူငယ်တွေ အများဆုံးခံစားကြရသည်။ ယခင်နှင့်ယခု မတူတော့သည်ကို ၈၈ မျိုးဆက်တွေ သဘောပေါက်သင့်သည်။ သူတို့ခေတ်က အင်တာနက်မရှိ၊ ကွန်ပျူတာမရှိ၊ အိုင်တီမသိ၊ ယခုခေတ်တွင် ခေတ်နှင့်အမီ လိုက်နိုင်ရန် လူငယ်တွေ အသည်းအသန်ကြိုးပမ်းနေကြရသည်။ အင်တာနက်နှင့်၊ ကွန်ပျူတာနှင့် ကုန်လွန်ခဲ့ရသည့် ကာလတွေကို အစားပြန်ထိုးနိုင်ရန် လှုပ်ရှားကြိုးစားရင်း အသက်ရှူမဝ ဖြစ်နေကြရသည့် လူငယ်များ၏ဘဝကို 'ငါတို့လို'ဟူ၍ မှတ်ချက်ချလိုက်လျှင် မှားပေလိမ့်မည်။ မင်းကိုနိုင်ဆိုပြီး ဘယ်လောက်အော်အော် ယနေ့တက္ကသိုလ်ကျောင်းသားတွေက ဘယ်သူတွေလဲဟု ပြန်မေးကြမည်သာဖြစ်သည်။ သူတို့က ခေတ်ကိုရင်ဆိုင်နိုင်အောင် ပြင်ဆင်ကြိုးပမ်းနေချိန်တွင် အမှောင်ထဲမှ တစ်ရေးနိုးလာသူတို့က အမှောင်ထဲသို့လာကြရန် ဖိတ်ခေါ်ချက်တွေကို သူတို့စိတ်ဝင်စားနိုင်ပါမည်လား။

ထာဝရကျောင်းသားခေါင်းဆောင်ကြီးတွေလို့ သူတို့ကိုယ်သူတို့ သတ်မှတ်ထားကြသူတွေက ယခုတလော သူတို့ကိုယ်သူတို့ အမျိုးသားခေါင်းဆောင်တွေပမာ လေလုံးတွေထုတ်လာကြပြန်သည်။ ဒါကလည်း ကျောင်းသားတွေအထဲ သူတို့ဝင်၍ မရတော့သည်ကို သိမြင်လာ၍ဖြစ်သည်။ သူတို့ကို ကျွန်တော်တစ်ခု မေးလိုက်ချင်သည်က အမျိုးသားခေါင်းဆောင်ဆိုတာ ဘာလဲဟူ၍ ဖြစ်သည်။ ထိုအဓိပ္ပာယ်ကို ကောင်းစွာ နားလည်ကြပါရဲ့လားဟူ၍ဖြစ်သည်။ အရေးအခင်းကာလ သူများတွေရှေ့တန်း မထွက်ရဲသည်ကို ရှေ့တန်းထွက်ပြတာကြောင့်လား၊ ထောင်ထဲတွင် နှစ်ရှည်လများနေခဲ့တာကြောင့်လား၊ ထောင်ကပြန်ထွက်လာပြီးတော့လည်း သူငယ်နှပ်စား စကားတွေပြောကာ ကိုယ့်ကိုယ်ကိုဖော် မသူတော်စာရင်းဝင် လုပ်နေတာကြောင့်လား၊ အနောက်ရေဒီယိုတွေနှင့် အင်တာဗျူးကာ အစိုးရအပေါ် တိုက်ခိုက်ဝေဖန်နိုင်လို့လား၊ ဒီစကားကို ကျွန်တော်ပြောရခြင်းက သူမရှိလျှင် သူသည်သာ အမျိုးသားခေါင်းဆောင်ဆိုပြီး အူကြောင်ကြောင် ဟစ်ကြွေးလာသည့် ၈၈ မျိုးဆက်တွေကြောင့်သာ ဖြစ်ပါသည်။ လက်တစ်ဆုပ်စာက မြှောက်ပေးတိုင်း ငါတော့ဟုတ်လှပြီဟူ၍ စိတ်ကြီးဝင်ကာ မြှောက်ကြွမြှောက်ကြွဖြစ်ပြီး ပြောချင်တိုင်း စည်းမဲ့ကမ်းမဲ့ပြောနေသူတွေကို ကျွန်တော်တို့က အမျိုးသားခေါင်းဆောင်ဆိုပြီး ပြည်သူအားလုံးကို ကိုယ်စားပြုသယောင် လက်ခံလိုက်ကြရမှာလား။

ကျွန်တော်သည် ၈၈ အရေးအခင်းကို ကောင်းစွာတွေ့ကြုံခဲ့ရသူဖြစ်ပါသည်။ ကိုယ့်ရပ်ကွက်ထဲ ကိုယ်ဝင်နိုင်ဖို့အတွက် ကျောင်းသားခေါင်းဆောင်ဆိုသူတွေကို မျက်နှာငယ်လေးနှင့် ပြန်တောင်းပန်ခဲ့ရဖူးသည်။ ကျောင်းသားခေါင်းဆောင်တွေက နဖူးစည်းကိုယ်စီနှင့် ရပ်ကွက်ရုံးတွင် ရုံးထိုင်ကာ သူတို့ထံ အစည်းအဝေးဆင့်ခေါ်သည်ကိုမလာသဖြင့် ပြစ်တင်အော်ငေါက်မှုကို ခါးသီးစွာ ခံခဲ့ဖူးပါသည်။ ကျွန်တော်တို့သည် နဖူးစည်းအနီရောင်ဖြင့် ကျောင်းသားခေါင်းဆောင်တွေရှေ့ရောက်သောအခါ ကျုပ်တို့ရပ်ကွက်မှာ လူမသတ် ခေါင်းမဖြတ်ရသေးဘူး။ လူသတ်ခေါင်းဖြတ်ပြလိုက်ရမလားဆိုသည့် ကြိမ်းမောင်းမှုကို အသက်ပင်မရှူဝံ့အောင်ခံစားခဲ့ရဖူးသည်။ အရေးအခင်းဆိုသည့်ကာလ ညအိပ်လျှင်တောင် ခြေသံကြားတိုင်း လန့်နေခဲ့ရသည်မှာ နာဇီခေတ် ဂျူးများ၏ဘဝသို့ အရှင်လတ်လတ် ရောက်သွားသလိုပင်။

နောက်ပိုင်း တပ်မတော်က တိုင်းပြည်၏တာဝန်တွေကို လွှဲပြောင်းရယူလိုက်သည်။ ကျွန်တော်တို့ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်သည်။ ကျွန်တော်အရေးအခင်းကာလတစ်လျှောက်လုံးတွေးနေမိသည်မှာ ဒီကျောင်းသားခေါင်းဆောင်ဆိုသူတွေသာ အာဏာရလိုက်လို့ကတော့ဆိုသည့် အတွေးပင်။ **ထိုစဉ်က တိုင်းပြည်တွင် သူတစ်လူ ငါတစ်မင်းဖြစ်နေသည်။ နိုင်ငံရေးရူး၊ အာဏာရူးတွေကြားတွင် ပြည်သူတွေက တန်ဆာခံတွေ ဖြစ်နေကြရသည်။ လေလုံးထွားမှုတွေကြားမှာ ပြည်သူတွေ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်နေသည်။ သူ့ကိုယုံစားရနိုးနိုး ငါ့ကို ယုံစားရနိုးနိုး ဖြစ်နေသော်လည်း သူတို့ယုံစားချင်သည့်သူများက ယုံစားလောက်အောင် ဘာမျှလုပ်ဆောင်မပြနိုင်ကြ။**

ယခု ၈၈မျိုးဆက်ဆိုသူများသည် ပြည်သူတွေကို အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ကို အတင်းတွန်းပို့ကာ ၈၈ အရေးအခင်းကာလကို ပြန်ပြီး အသက်သွင်းကြည့်ချင်နေကြသည်။ အနောက်သတင်းဌာနတွေနှင့် အချိန်ကိုက်လှုပ်ရှားမှုတွေကို ကြော်သံပေးရင်း ဖန်တီးနေကြသည်။ တကယ်တော့ သူတို့တပ်လှန့်သံတွေက ကလေးကလား အရေးမထားစရာတွေသာ။ ကျွန်တော်က နိုင်ငံရေးလုပ်စားဖို့ တာစူနေကြသည့် မျိုးဆက်တွေကို ပြန်ပြီး သနားနေမိသည်။ တကယ်တော့ အနောက်က လေလုံးတွေကြားတွင် သူတို့ မြုပ်ကာ အချိန်ကိုက် လှုပ်ရှားပြနေကြရသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ အဖြူရောင်လှုပ်ရှားမှုဆိုပြီး ရောတောယောင်တောင် လူထုထဲ လှမ်းပစ်ထည့်လိုက်သည်။ အဖြူကို ဝတ်ချင်၍ ဝတ်နေသူတွေကို သူတို့ ရေးကြီးခွင်ကျယ်လုပ်ပြလိုက်ခြင်း၏ အကျိုးဆက်မှာ အမုန်းတရားပင်ဖြစ်သည်။

ယခုတစ်ဖန် လက်မှတ်တွေ သိန်းနှင့်ချီပြီး ရနေပြန်ပြီဟု ဆိုလာပြန်သည်။ ဒါကလည်း ယခုလာနေသည့် ကိုရီးယားရုပ်ရှင်ထဲမှ ဂွီဒေါက်က သူ့ခင်ပွန်းလောင်းလွတ်ရေးအတွက် ရွာသူရွာသားတွေထံ ဆန္ဒပြု လက်မှတ် လိုက်ထိုးခိုင်းသည်ကို အတုယူပြီး စတန့်ထွင်လိုက်ဟန်တူသည်။ နိုင်ငံခြားက ဆရာတွေက ခုတစ်ခါ ဘုရားပေါ်တက်ပြီး ဆုတောင်းပေးကြပါဟု လေသံပစ်လိုက်ပြန်သဖြင့် ဗုဒ္ဓဘာသာဝင်တို့ ဘုရားသို့ အသွားဆုံးကာလ တန်ဆောင်မုန်းလပြည့်နေ့ဝန်းကျင် ပြည်သူတို့ စိတ်နှလုံး မချမ်းမြေ့စွာဖြင့် ဘုရားပေါ် တက်ရကောင်းနိုးနိုး၊ မတက်ရ ကောင်းနိုးနိုး ဖြစ်သွားကြရသည်။ ထိုနေ့တွင်မှ ဘုရားသို့လာလျှင် သူတို့လူဆိုပြီး အရေအတွက်ထဲ ထည့်ရေလိုက်လျှင် မည်သို့လုပ်ရမည်နည်း။

၈၈ မျိုးဆက်ကျောင်းသားဆိုသည့် သူတွေ၏ လားရာကား ရှင်းပါသည်။ အစိုးရကိုထိပ်တိုက်ရင်ဆိုင်ပြီး ပြည်သူတွေကို လမ်းပေါ် ထွက်ခိုင်းနေခြင်းဖြစ်သည်။ ပြည်သူတွေ လမ်းပေါ်ထွက်ပြီး ဆန္ဒပြလျှင် သူတို့က ခေါင်းစည်းအနီတွေ၊ ခွပ်ဒေါင်းတွေနှင့် ပါဝါတွေ အာဏာတွေပြကြဦးမည်။ ပါဝါ အာဏာပြချင်သူတို့သည် အာဏာပါဝါပြနိုင်သည့် အရည်အသွေးမျိုးနှင့် ပြည့်စုံမှ ပြခွင့်ရှိသလို၊ အာဏာပါဝါကို ထိန်းချုပ်စီမံနိုင်သူမျိုးသာ ဖြစ်ရပါလိမ့်မည်။ ၈၈ကာလ မထိန်းနိုင် မသိမ်းနိုင်တွေဖြစ်ကာ တိုင်းပြည်ကြီး ချောက်ထဲကျလုလု ဖြစ်ရခြင်းသည် ပြည်သူကိုလည်းကောင်း၊ အစိုးရဆိုသည်ကိုလည်းကောင်း၊ အုပ်ချုပ်မှုဆိုသည်ကို လည်းကောင်း၊ အချုပ်အခြာ အာဏာဆိုသည်ကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးဆိုသည်ကိုလည်းကောင်း လုံးဝနားမလည်သူတွေနှင့် အာဏာရူးသူတွေကြောင့် ဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။

**ကျွန်တော်တို့သည် ပြည်သူတွေ ဖြစ်ပါသည်။ ပြည်သူတွေထဲက ပြည်သူ့သားကောင်းဖြစ်စေရန် ကြိုးစားပြီး အေးချမ်းစွာနေထိုင်ချင်ကြပါသည်။ ခေါင်းဆောင်မဖြစ်ရ၍၊ ခေါင်းဆောင်မလုပ်ရ၍ ပတ်မကြီးထိုးဖောက်ချင်သူတွေ မဟုတ်ကြပါ။ နောက်လိုက်ကောင်းပီသစွာ ကျွန်တော်တို့ တိုင်းပြည်အကျိုး သယ်ပိုးလိုပါသည်။ ငါတို့ ခေါင်းဆောင်မလုပ်ရသမျှ မကျေဘူးကွဆိုသည့် သဘောဖြင့် ငြိမ်းချမ်းစွာတိုးတက်ရေးကို အနှောင့်အယှက်ပြုနေလျှင် သမိုင်းက စီရင်သည့်ပြစ်ဒဏ် ကောင်းကောင်းကြီး ခံရဖို့သာ ရှိပေလိမ့်မည်။** ။

**အမေကမွေး ထောင်ကကျွေး ဆိုသည်မှာ ကိုလိုနီခေတ် ဆောင်ပုဒ်ဖြစ်သည်။ ထောင်ထဲသွားနေသည့် သူတိုင်း မျိုးချစ် အာဇာနည်တွေ မဟုတ် ဆိုသည်ကိုတော့ သတိပြုရမည်။ ထောင်ထဲတွင် နှစ်ကြာစွာ နေခဲ့ရခြင်းသည် ဂုဏ်ယူစရာဟူ၍ ယနေ့ခေတ် ကျောင်းသားတွေရှေ့တွင် လာပြောလျှင် မောရုံသာရှိမည်။**



ဦးထွန်းကြိုင်-ဒေါ်မြကျင်၊ ဦးထွန်းစိန်-ဒေါ်ရင်တို့အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၂)ရပ်ကွက်အင်ကြင်း မြိုင် လမ်း အမှတ် ၁၄၃ နေ ဦးစိုးတင့်(စက်မှု-၁)-ဒေါ်ငွေငွေမြင့်၊ သားမောင်စိုးထက်ဦး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး စုပေါင်းမဟာဘုံကထိန်ဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၃

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ဒသမအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ သတ္တမထပ် မဟာကမ္မဌာန်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ်ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး တာမွေမြို့နယ် အထက(၄) ကျောင်းသူများက အာစရိယဝါဒ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဖြင့် မေတ္တာပို့ဆုတောင်းဖြင့် ရွတ်ဆိုပူဇော်သည်။

ဆက်လက်ပြီး ဂေါပက အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်မြင့်တို့က ကထိန်ဥတ်သင်္ကန်းကို ကပ်လှူကြသည်။ **(အောက်ပုံ)** (က-ပ)



## လယ်ယာကုန်ထုတ်လုပ်ငန်းတွင် ရိတ်သိမ်းခြွေလှေ့စက်အသုံးပြု အလေအလွင့်နည်းပါးကာ အချိန်ကုန်သက်သာပြီး စပါးပိုမိုထွက်ရှိလာ တောင်သူလယ်သမားများ ဝင်ငွေတိုးကာ စိုက်ဧကများတိုးချဲ့နိုင်မည်

နေပြည်တော် နိုဝင်ဘာ ၃

**ကွတ်ခိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃၀ရက် နံနက်ပိုင်းက လားရှိုး-သိန္နီ-ကွတ်ခိုင်-မူဆယ် ပြည်ထောင်စုလမ်းမကြီး၏ ကွတ်ခိုင်-မူဆယ်လမ်းပိုင်း ကားလမ်းတစ်လျှောက် စိုက်ပျိုးရေးအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။**

### စံချိန်စံညွှန်းမီဆောင်ရွက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကွတ်ခိုင်-မူဆယ် ကားလမ်းမိုင်တိုင်အမှတ် (၂၃၆/၂)၌ အေးရှားဝေါလ်ကုမ္ပဏီမှ လမ်းချဲ့ခြင်းနှင့်လမ်းမြေထိန်းနံရံ ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးရာ အင်ဂျင်နီယာ ဦးစန်းနိုင်က ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြုပြင်နေသော လမ်းပိုင်းများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီ ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

### လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်ဖတ်ကာရှိ နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး အရာရှိစစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မူဆယ်-နမ့်ခမ်း ကားလမ်းတစ်လျှောက် လမ်းပိုင်းများ လမ်းပေါက်ဖာခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး၏ ရွှေလီရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရွှေလီခန်းမ၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းက ရေအားလျှပ်စစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်သည်၂၀၀၆ ခုနှစ်တွင် စီးပွားရေး အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ထုတ်လုပ်ငန်းများသည် လျှပ်စစ်ဓာတ်အား ပိုမိုလိုအပ်လာလျက်ရှိကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများသည် လျှပ်စစ်ဓာတ်အားကိုအခြေပြု ဆောင်ရွက်လျက်ရှိသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စီမံကိန်းများ မြန်မြန်ပြီးစီးပြီး လျှပ်စစ်ဓာတ်အား မြန်မြန်ထုတ်လုပ်နိုင်ရေးအတွက်ဖြစ်နိုင်ပါက လျာထားချိန်ထက် စောစီးစွာပြီးမြောက်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ချက်များကို ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏ ပံ့ပိုးဖြည့်ဆည်းမှုဖြင့် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

### လက်ခံရယူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တရုတ်ပြည်သူ့ သမ္မတနိုင်ငံယူနန်ပြည်နယ် Y.M.E.C ကုမ္ပဏီမှ အင်ဂျင်နီယာအဖွဲ့နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအဖွဲ့တို့အား သစ်သီးလက်ဆောင်ခြင်းများ ပေးအပ်ရာ မစ္စတာလိုင်ခွင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းတို့က လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရှုရပ်မှနေ၍ ပင်မတမံ တည်ဆောက်ရန် စက်ယန္တရားများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မန်တပ်ကျေးရွာအနီး၌တည်ရှိပြီး ခြောက်မိုင်အတွင်း ရေကျရေတံခွန်များအဖြစ်ပေ ၁၀၀၀ ခန့် နိမ့်ကျစီးဆင်းလျက်ရှိကာ ၎င်းသဘာဝရေနိမ့်မြင့်မှတ်ကွာခြားချက်ကို အသုံးပြု၍ ရွှေလီမြစ်မှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် စီမံကိန်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မန်တပ်နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီးအရာရှိစစ်သည် မိသားစုများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပတ်ဝန်းကျင်ကျေးရွာများရှိ တိုင်းရင်းသား ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ကြရန် မှာကြားကာ အရာရှိစစ်သည် မိသားစုဝင်များအား လက်ဆောင်ပစ္စည်း ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မန်တပ်ကျေးရွာအနီး၌ အခြေခံပညာ အထက်တန်းကျောင်းဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

### မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)၏ ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က တံတားတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တံတားကို သတ်မှတ်ချိန်အမီ ပြီးစီးရေး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်သွားရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်ခမ်းမြို့နယ် အောင်မေတ္တာကျေးရွာမှ တောင်သူ ဦးမောင်လှ၏ ဆင်းရွှေလီ မိုးစပါး ၁ ဒသမ ၅၅ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းမှုနှင့် လက်တွန်းထွန်စက်ဖြင့် မြေယာထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တောင်သူ ဦးမောင်လှနှင့် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းတို့က ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်း၍ ရရှိသော စပါးများချိန်တွယ်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လယ်ယာကုန်ထုတ် လုပ်ငန်းတွင် ရိတ်သိမ်းခြွေလှေ့စက်အသုံးပြု ရိတ်သိမ်းခြင်းဖြင့် အလေအလွင့် နည်းပါးသွားကာ အချိန်ကုန်သက်သာပြီး စပါးပိုမိုထွက်ရှိလာကြောင်း၊ ထို့ကြောင့် ဒေသခံတောင်သူ လယ်သမားကြီးများ ဝင်ငွေပိုမို တိုးတက်လာကာ စိုက်ဧကများလည်း ထပ်မံတိုးချဲ့ စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး လူမှုစီးပွားရေးဘဝ ပို၍ တိုးတက်မြင့်မား လာမည်ဖြစ်ကြောင်း၊ လယ်ယာကုန်ထုတ်လုပ်ငန်းတွင် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ သုံးစွဲသကဲ့သို့ ခေတ်မီစက်ကိရိယာများဖြင့် တိုးချဲ့လုပ်ကိုင်သွားခြင်းဖြင့် စက်မှုလယ်ယာ ထူထောင်သွားကြရန်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများကလည်း လိုအပ်သည့်နည်းပညာများပြသပံ့ပိုးကူညီ ဖြည့်ဆည်းပေးခြင်းဖြင့် စည်းရုံး ဆောင်ရွက်သွားကြရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြယ်ဂေါင်သို့ ယာယီနယ်စပ် ဖြတ်သန်းခွင့်လက်မှတ်ထုတ်ပေးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးညိုရွှေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နှစ်နိုင်ငံမှ ပြည်သူများဝင်ထွက်သွားလာခွင့်ပြုရာတွင် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**





**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

### ပေးအပ်လှူဒါန်း

**အမှတ် ၆၄ လှည်းတန်းလမ်း လမ်းမတော်မြို့နယ်နေ ဦးဟန်လှ-ဒေါ်ကြင်အောင်၊ သားသမီးမြေး(ဓားနှစ်လက်ပုဆိုး)မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆေး၊ ဆွမ်း၊ ပဒေသာပင် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။** (က-ပ)

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာ တိုက်သစ် ပဓာနနာယကဆရာတော် အရှင်ဣန္ဒက(ရွှေဘို)အမှူးပြုသော သံဃာတော်တို့အား စမ်းချောင်းမြို့နယ် မြေနီကုန်း** Dagon Centre Shopping mall **မိသားစုတို့က စတုတ္ထအကြိမ် မဟာဘုံကထိန် ကပ်လှူပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပရာ ပဓာနနာယကဆရာတော်အရှင်ဣန္ဒက(ရွှေဘို)ထံ** Dagon Centre Shopping mall **မိသားစုက ကထိန်လျာသင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။** (က-ပ)

# ကမ္ဘာတစ်လွှား အားကစား

## ယူအီးအက်ဖ်အေ ဘောလုံးပွဲများ ယှဉ်ပြိုင် ဘလက်ဘန်း၊ တော့တင်ဟမ်နှင့် နယူးကာဆယ်တို့ အနိုင်ရ

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

လန်ဒန် နိုဝင်ဘာ ၃

**ယူအီးအက်ဖ်အေ ပွဲစဉ်(၂)ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၂ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပရီမီယာလိဂ်အသင်းများ ဖြစ်ကြသည့် ဘလက်ဘန်း၊ တော့တင်ဟမ်နှင့် နယူးကာဆယ်အသင်းတို့ အသီးသီး အနိုင်ရရှိခဲ့ကြသည်။**



ပါလာမိုအသင်းအား တစ်လုံးတည်းသောအနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေကြသော နယူးကာဆယ်အသင်းသားများ။ (ဓာတ်ပုံ–အင်တာနက်)

**ဘလက်ဘန်း–ဘောဆယ်**

အုပ်စု(င)မှဘလက်ဘန်းအသင်းသည် အိမ်ကွင်း၌ ဘောဆယ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စုဇယားထိပ်ဆုံးနေရာကို ရယူလိုက်သည်။

သို့သော်လည်း ဘလက်ဘန်းအသင်းသည် ပထမပိုင်းပြီးသည်အထိ ဘောဆယ်အသင်းကို ဂိုးမသွင်းနိုင်ဘဲရှိသည်။ ပွဲချိန် ၇၃ မိနစ်တွင် ခရီမိုဂလုက ကိုက် ၃၀ အကွာမှ ကန်သွင်းယူခဲ့ရာ ဘောဆယ်ဂိုးညာဘက်အပေါ် ထောင့်ထဲသို့ ဘောလုံးမှာ တန်းဝင်သွားခဲ့သည်။

**ကန်ခွင့်ရ**

သို့ရာတွင် ဘလက်ဘန်းတို့ ဆက်လက် ကံကောင်းခဲ့ပြန်သည်။ ပွဲချိန် ၈၉ မိနစ်တွင် ဘလက်ဘန်းတိုက်စစ်မှူးပက်ဒါဆင် ဘောလုံးနှင့်အတူဆွဲပြေးလာရာ ဘောဆယ်ဂိုးဧရိယာအတွင်း နောက်တန်းလူ ဇန်နီကဆွဲချသဖြင့် ပယ်နယ်တီ ကန်ခွင့်ရခဲ့သည်။ ၎င်းပယ်နယ်တီကို ဂျက်ဖားစ်ကသွင်းယူခဲ့ရာ ဘလက်ဘန်းတို့ ဒုတိယမြောက် ဂိုးရခဲ့သည်။

ဘလက်ဘန်းအသင်းသည် ပွဲသိမ်းလေလွှင့်ချိန်တွင်မက်ကာသီက တတိယမြောက်ဂိုး သွင်းယူပေးခဲ့၍ ပွဲအပြီး ဘလက်ဘန်းအသင်းက ဘောဆယ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဘလက်ဘန်းအသင်းမှာ ယခုပွဲအနိုင်ရခဲ့၍ နှစ်ပွဲကစား နှစ်ပွဲနိုင်ဖြင့် အုပ်စု(င)ကို ဦးဆောင်လျက်ရှိသည်။

ဘလက်ဘန်းအသင်းမှ ရော်ဘီဆာဗေ့ဂျ်(ဝဲ)၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)



**တော့တင်ဟမ်– ဘရုဂေး**

တော့တင်ဟမ်အသင်းသည် ယူအီးအက်ဖ်အေ အောင်မြင်မှုကို ရာနှုန်းပြည့် ထိန်းထားနိုင်ခဲ့သည်။ ဘရုဂေးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး တော့တင်ဟမ်တို့ အုပ်စု(ခ) ထိပ်ဆုံးနေရာကို ရယူထားသည်။

**ဦးဆောင်ဂိုး**

သို့သော်လည်း ဘရုဂေးအသင်းမှ အီဘရာဟင်ကပွဲစပြီး၁၄မိနစ်အကြာတွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ယင်းဂိုးသွင်းပြီး သုံးမိနစ်အကြာ ဘာဘာတော့ဗ်က တော့တင်ဟမ်အသင်းအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ၎င်းဂိုးသွင်းပေးခဲ့၍ တော့တင်ဟမ်တို့ ဘောလုံး ပိုင်ဆိုင်မှုများလာပြီး ဘရုဂေးအသင်းကို ဖိထားနိုင်ခဲ့သည်။ တော့တင်ဟမ်တို့ တိုက်စစ်ကို အရှိန်မြှင့်ကစားခဲ့၍ ပွဲချိန် ၆၃ မိနစ်တွင် ရော်ဘီကိန်းက တော့တင်ဟမ်အတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။

**အနိုင်ရ**

ပွဲချိန် ၇၃ မိနစ်တွင် ဘူဂေးရီးယားကစားသမား ဘာဘာတော့ဗ်ကပင် ဂါလီဆ တောင်ပံမှ ဖြတ်ပို့သည့် ဘောလုံးကို ဘရုဂေးနောက်တန်းလူနှစ်ယောက်ကြားမှ ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ပွဲအပြီး တော့တင်ဟမ်က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ပါလာမို–နယူးကာဆယ်**

အုပ်စု(ဇ)မှ နယူးကာဆယ်အသင်းသည် အဝေးကွင်း၌ ပါလာမိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်လိုက်သည်။ နယူးကာဆယ်အသင်းသည် ယူအီးအက်ဖ်အေ နှစ်ပွဲကစားရာတွင် နှစ်ပွဲစလုံးအနိုင်ရထားသည့် အသင်းဖြစ်လာသည်။ နယူးကာဆယ်အသင်းအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစပြီး ၃၇ မိနစ်အကြာ လုကေးက သွင်းယူခဲ့သည်။

နယူးကာဆယ်အသင်းမှ ပေါင်ဖ၁သန်းခွဲဖြင့် ခေါ်ယူထားသော ဂျိမ်းစ်မီနာလ်သည် ပထမပိုင်း ပြီးခါနီးတွင် ဝဲတောင်ပံမှ ထိုးဖောက်ကန်သွင်းခဲ့ရာ ပါလာမိုဂိုးသမားဖွန်တာနာ ကာကွယ်ပေးနိုင်ခဲ့သည်။

အသက် ၁၈နှစ်သာ ရှိသေးသည့် နယူးကာဆယ်ဂိုးသမား တင်ခရုလ်သည် ပါလာမိုတိုက်စစ်မှူးများ ဖြစ်ကြသည့် ဘီယာဗာနှင့် ဒေးဗစ်မစ်ချယ်လီတို့၏ ကန်သွင်းချက်များကို ကာကွယ်ပေးနိုင်ခဲ့သည်။ ။

## အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **ပါတီဇန်** | ၁ – ၁ | **လီဗော်နို** |
| **ရိန်းဂျားစ်** | ၂ – ၀ | **မက္ကာဘီဟိုင်ဖာ** |
| **ဒီနာမိုဘူခါရက်စ်** | ၂ – ၁ | **ဘက်ရှီးတပ်စ်** |
| **ဂရက်စ်ဟော့စ်ပါး** | ၂ – ၅ | **အယ်ကမာ** |
| **ဘရာဂါ** | ၄ – ၀ | **လီဘာရက်** |
| **ဟီရန်ဗင်း** | ၀ – ၂ | **အိုဒန်ဆီ** |
| **လန်းစ်** | ၃ – ၁ | **အိုဆာဆူနာ** |
| **နန်စီ** | ၂ – ၁ | **ကရာကော** |
| **ဓူတီဝါဂမ်** | ၃ – ၁ | **စပါတာပရက်** |
| **အိုင်းယက်စ်** | ၃ – ၀ | **ဗီယင်နာ။** |

(အင်တာနက်)

## မန်ယူမှ ဆိုးလ်ရှား တံကောက်ကြောဒဏ်ရာရ သီတင်းပတ်အနည်းငယ်ခန့် အနားယူရမည်

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

လန်ဒန် နိုဝင်ဘာ ၃

**မန်ယူတိုက်စစ်မှူး အိုလေဂန်နာ ဆိုးလ်ရှားသည် နိုဝင်ဘာ ၁ ရက်က ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အက်ဖ်စီကိုပင်ဟေဂင်နှင့် မန်ယူတို့ကစားခဲ့သောပွဲ၌ တံကောက်ကြောဒဏ်ရာရရှိခဲ့သဖြင့် သီတင်းပတ်အတန်ကြာ အနားယူဖွယ်ရှိကြောင်း သိရသည်။**

ဆိုးလ်ရှားသည် ဒူးဒဏ်ရာရရှိခဲ့မှုကြောင့် မန်ယူတွင်နှစ်နှစ်ကြာဆေးကုသမှုခံယူခဲ့ရာမှ ပြန်လည်ကစားနိုင်သည်မှာ အချိန်မကြာသေးချေ။ ဆိုးလ်ရှားသည် မန်ယူအတွက် ပြန်ကစားသည်နှင့် ဂိုးများသွင်းပေးနိုင်ခဲ့သူလည်းဖြစ်သည်။



တံကောက်ကြော ဒဏ်ရာ ရရှိသွားသော မန်ယူတိုက်စစ်မှူး ဆိုးလ်ရှား။ (ဓာတ်ပုံ–အင်တာနက်)

**ပြဿနာမရှိ**

မန်ယူနည်းပြ ဖာဂူဆန်က ဆိုးလ်ရှား၏ ဒူးဒဏ်ရာပျောက်ကင်းအောင် မိမိတို့ နှစ်ချီကာစောင့်ဆိုင်းခဲ့ရကြောင်း ယခုသီတင်းပတ် အနည်းငယ် ဒဏ်ရာကြောင့်အနားယူရမှုမှာ တစ်စုံတစ်ရာ ပြဿနာမရှိကြောင်း ဖာဂူဆန်ကပြောကြားသည်။

ဆိုးလ်ရှားအတွက်မှာ ယခုကဲ့သို့ တံကောက်ကြောဒဏ်ရာရရှိမှုသည် ကံဆိုးခြင်းတစ်ရပ်ဖြစ်ပြီး မန်ယူအတွက် ပွဲစဉ်အချို့ကို ကစားပေးနိုင်မည်မဟုတ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ရီးရဲမက်ဒရစ်ရောက် ရေးယက်စ် အာဆင်နယ်သို့ ပြန်လာမည်မဟုတ်ဟုဆို

**မက်ဒရစ် နိုဝင်ဘာ ၃**

ရီးရဲမက်ဒရစ်ရောက် အာဆင်နယ်ကွင်းလယ်ကစားသမားရေးယက်စ်က မိမိအနေဖြင့် အာဆင်နယ် ကလပ်သို့ ပြန်လာတော့မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ရေးယက်စ်သည် ရီးရဲမက်ဒရစ်သို့ အငှားချထားသည်ဖြစ်ရာ အပြီးသတ်ပြောင်းရွှေ့မှုများ ပြုလုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ မိမိအနေဖြင့် စပိန်တွင် ကစားရသည်ကို ပျော်ပိုက်နေပြီဖြစ်ကြောင်း၊ မိမိ၏ မိသားစုလည်းပျော်ရွှင်နေကြောင်း ၎င်းကပြောကြားသည်။



ရီးရဲမက်ဒရစ်ရောက် ရေးယက်စ်။ (ဓာတ်ပုံ–အင်တာနက်)

**ကျေနပ်**

ပရီမီယာလိဂ်သည် ပြိုင်ဆိုင်မှုပြင်းထန်သောပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် အာဆင်နယ်တွင်ထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့ကြောင်း၊ ယခုအခါ ရီးရဲမက်ဒရစ်၌ ကစားရမှုကိုကျေနပ်နေသဖြင့် ပရီမီယာလိဂ်သို့ ပြန်လာဖို့ မရှိတော့ကြောင်း ရေးယက်စ်က ပြောကြားသည်။

**ဆုံးဖြတ်**

ရေးယက်စ်သည် ၂၃နှစ်အရွယ်ရှိကာ မိမိ၏ ဘောလုံးကစားသမားဘဝကို ရီးရဲမက်ဒရစ်၌ ကုန်ဆုံးရန် အထိပင် ဆုံးဖြတ်ထားကြောင်း သိရသည်။ **(အင်တာနက်)**

**INVITATION TO TENDER**

**MYANMA MACHINE TOOLS AND ELECTRICAL INDUSTRIES**

**MINISTRY OF INDUSTRY (2)**

Sealed Tender is invited by MyanmaMachine Tools and Electrical Industries,the Union of Myanmar,from reputed manufacturers or their bona fide agents for the supply of the following;

| Sr No | Tender No | Description | Tender Issuing Date | Tender Closing Date |
|---|---|---|---|---|
| 1. | 03/MTEI/ ACSR/2006 | Material for ACSR Aluminium Rod &Wire Steel Rod & GI Wire Zinc. | 6-11-2006 (Monday) | 20-11-2006 (Monday) |

Tender Document are available at the office of Myanma Machine Tools and Electrical Industries, Ministry of Industry (2), Building No.30. Nay Pyi Taw,the Union of Myanmar and General Manager, Machine and Machine Tools Factory No(2), Yangon,Parami Road,Hlaing Township,Yangon,the Union of Myanmar during office hour.

Bids are to reach the office of Myanma Machine Tools and Electrical Industries, Ministry of Industry(2),Building No 30, Nay Pyi Taw ,the Union of Myanmar and General Manager, Machine and Machine Tools Factory No(2), Yangon ,Parami Road,HlaingToswhip, Yangon .the Union of Myanmar on or before the Closing Date and Time.

No Telegraphic/Telex/Fax/e-mail proposal will be considered or accepted.

Myanma Machine Tools and Electrical Industries reserves the right to reject the Tender without furnishing reasons .

Managing Director ,Myanma Machine Tools and Electrical Industries,Ministry of Industry (2), Nay Pyi Taw,Myanmar.



မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက မြန်မာ့လက်ဖက်ရည်ပြိုင်ပွဲနှင့် အရောင်းမြှင့်တင်ရေးပွဲတော်ကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နှင့် ၂၆ရက်နေ့များတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ဥယျာဉ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိပါသည်။

ပါဝင်ပြသလိုသော လက်ဖက်ရည်ဆိုင်ပိုင်ရှင်များ၊ လက်ဖက်ရည်နှင့် ဆက်စပ်သော ကုန်စည်းထုတ်လုပ်သူများ အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**● ဆက်သွယ်ရန်လိပ်စာ ●**

အမှတ် ၆၉၊ အခန်းအမှတ် ၆၀၉(ဘီ)၊ ၆ လွှာ၊ ယုဇနကွန်ဒိုတာဝါ၊
ရွှေဂုံတိုင်နှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၅၉၆၇၂၊ ၅၅၉၆၇၃၊
e-mail:UMTA@mptmail.net.mm

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း။**



**ပဲခူးတိုင်း ပဲခူးမြို့နယ် မဲခုံအုပ်စု ကျိုက်ပေါ်ကျေးရွာ နန်းဦးရွှေစေတီကျောင်းဝင်းအတွင်းရှိ**

**နန်းဦးရွှေစေတီတော်မြတ်ကြီး**

**အထက်ဌာပနာတော်ပူဇော်ခြင်းနှင့်ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား**

ပဲခူးမြို့ နန်းဦးကျောင်းဆရာတော် ဦးသုန္ဒရ(ဘက- အမှတ်၂၀) လှိုင်သာယာမြို့ သစ်တံခါး ဆရာတော်ဦးမဏိဇောတ (ယော)နှင့် မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဒ္ဓမ္မ မဏိဇောတဓရ အဏ္ဏဝါ ဦးသန်းအောင်တို့အား အမှူးထား၍ ဘုရားဒါယကာ ဦးအောင်ဗိုလ်ကြီး၊ ဘုရားဒါယိကာမ ဒေါ်မြင့်မြင့်ဝေ မိသားစုနှင့်ပဌာန်းဆက်ပါရမီရှင်များ အသစ်ပြန်လည်တည်ထားပြီး ဖြစ်သော ဉာဏ်တော်(၅၄-တောင်) အမြင့်ဆောင်သည့် "နန်းဦးရွှေစေတီတော်မြတ်ကြီး"၏ အထက်ဌာပနာတော်ပူဇော်ခြင်းနှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သောကြောင့် ပါရမီရှင်အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**အထက်ဌာပနာတော် ပူဇော်ခြင်း မင်္ဂလာအခမ်းအနား**

၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်
(၁၂-၁၁-၂၀၀၆) (တနင်္ဂနွေ နေ့) နံနက် (၀၈း၀၀)နာရီ

**ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား**

၁၃၆၈- ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့(၁၉-၁၁-၂၀၀၆)
တနင်္ဂနွေနေ့ နံနက် (၀၈း၀၀)နာရီ

**ဖျော်ဖြေရေးအစီအစဉ်**

၁၈-၁၁-၂၀၀၆(စနေနေ့) ညတွင် ရွှေတံဆိပ်၁၉ဆုရှင် မဟာရန်ကုန် သီရိမောင်မောင် မင်္ဂလာဆိုင်းအဖွဲ့ဖြင့် ဧည့်ခံဖြေဖျော်ပါမည်။

**ဘုရားဒါယကာ၊ဒါယိကာမ မိသားစု**
**အဏ္ဏဝါမိသားစု**
**တောင်တန်းဒေသဗုဒ္ဓဘာသာသာသနာပြုအဖွဲ့။**



# လက်ထပ်ပြီးစီးခြင်း

ပဲခူးတိုင်း၊ ပြည်မြို့နေ
ဦးဝင်းဦး-ဒေါ်မြင့်ကြည်တို့၏
တစ်ဦးတည်းသောသား
**ဗိုလ်ဇော်မိုးထက်** (B.Sc, D.S.A)
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ဓမ္မစေတီလမ်း၊(၂၃၆/က)နေ
ဦးစောလှိုင်(ကုန်သွယ်/ဆေး)(ငြိမ်း)-ဒေါ်ခင်စိန်တို့၏
တစ်ဦးတည်းသောသမီး
**မမြတ်သန္တာ(ခ) မိုးသီတာလှိုင်**
B.A(Business Management), Diploma in ICT
တို့သည် နှစ်ဖက်သော မိဘတို့၏ သဘောတူခွင့်ပြုချက်ဖြင့် ၃-၁၁-၂၀၀၆ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ဇော်မိုးထက်-မမြတ်သန္တာ။**





# ရွှေရတုမင်္ဂလာဆုတောင်းလွှာ

၄-၁၁-၂၀၀၆ရက်တွင် ကျရောက်သော ကျေးဇူးရှင် ဖေဖေ ဦးခင်မောင်ထွေး(မန်နေဂျာ(ငြိမ်း)-(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ နာယက YMBA နှင့် မေမေ ဒေါ်ထူးထူးခင် (ကျောင်းအုပ်၊ ငြိမ်း)တို့၏ နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာမှသည် စိန်ရတုတိုင် တူနှစ်ဖော်လက်တွဲ၍ ဘာသာ၊သာသနာအကျိုး ကြိုးပမ်းဆောင်ရွက်ပြီး ဘာဝနာတရားများ ပွားများအားထုတ်လျက် ချစ်သောသားသမီး၊ မြေးတို့နှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးသို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ချစ်သား-** ဦးတင်မောင်ဦး (လက်ထောက်မန်နေဂျာ၊ သာကေတဆိပ်ခံတံတား၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-
ဒေါက်တာနီလာခင်(နီလာဆေးခန်း)

**ချစ်မြေးကြီး-** ကိုတင်ထူးအောင် $2^{nd}$year, B.Sc Engg;(EC)

**ချစ်မြေးငယ်-** မသိမ့်သီဂီထွေးအောင် Final Part I IM(2)။



# မင်္ဂလာဆုတောင်း

ဖေဖေ ဦးမြင့်အောင်(ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ MICS- စက်မှု-၂)နှင့် မေမေ ဗိုလ်မှူးဒေါ်မြင့်သိန်း (တပ်မတော်အသည်းရောဂါအထူးကုဆေးရုံ၊ မင်္ဂလာဒုံ)တို့၏ ၄-၁၁-၂၀၀၆ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ပြည့်မြောက်သော (၂၆)နှစ်မြောက် မင်္ဂလာနေ့မှ စ၍ နှစ်ပေါင်းရှည်ကြာ ကိုယ်စိတ်ကျန်းမာ၍ ချမ်းသာစွာ အသက်ရှည်ရသော ဘဝရရှိစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| **သားကြီး-** | မောင်အောင်ဇော်ဖြိုး | B.A(Myanmar) Data World Internet Service Center |
| | မမြင့်မြင့်မူ | $2^{nd}$ Year(Myanmar) |
| **သားငယ်-** | ဗိုလ်ကျော်ညိမ်းလွင် | B.Sc(DSA) (Electronics) |
| **သမီးလေး-** | မအိအိမြင့် | B.C.Sc (UCSY) |



# မင်္ဂလာဦးအလှူ

ဦးမြင့်အောင် (MICS - စက်မှု-၂)နှင့်
ဗိုလ်မှူးဒေါ်မြင့်သိန်း(တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံ၊
မင်္ဂလာဒုံ)တို့၏သားကြီး
**မောင်အောင်ဇော်ဖြိုး** (B.A, Myanmar)
နှင့်
ပဲခူးတိုင်း သုံးဆယ်မြို့နေ ဦးလှမြင့်-ဒေါ်အုန်းကျင်တို့၏သမီး
**မမြင့်မြင့်မူ** ($2^{nd}$ Year, Myanmar)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါ၍ ၄-၁၁-၂၀၀၆ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ရွာမပရိယတ္တိစာသင်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့တွင် မင်္ဂလာဦးအထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင်များ လှူဒါန်းပြီးဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ဇော်ဖြိုး-မမြင့်မြင့်မူ။**



**ဖခင်အမည်မှန်**

ကျွန်တော်မောင်တင်ဌေး ၁၀/သဖရ(နိုင်) ၁၀၀၅၈၇၏ ဖခင်အမည်မှန်မှာ ဦးမောင်ဘုန်းဖြစ်ပါကြောင်း။


# ဘာသာရေးကို ခုတုံးလုပ်သည့် နိုင်ငံရေးစတန့်ထွင်မှု "ဂဂ" မျိုးဆက်ကျောင်းသားအုပ်စုက ထပ်မံလုပ်ဆောင်လာ မန္တလေးမြို့မှ သံဃာတော်များ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၃**

အောက်တိုဘာ ၃၁ရက်တွင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မပါလကျောင်းရှေ့၌ "ဂဂ"မျိုးဆက်ကျောင်းသားအုပ်စုခေါင်းဆောင်များ လွတ်မြောက်ရေးအတွက် မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပေးပါရန်ဆိုသည့် လှူ့ဆော်စာတစ်စောင် လာရောက်ကပ်ထားခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မန္တလေးမြို့ မြတောင်တိုက် မစိုးရိမ်တိုက်ဟောင်းနှင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တို့မှ သံဃာတော်များ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ဘာသာရေးအခမ်းအနားများ**

သံဃာတော်များက နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ရသည့် အချိန်မှစ၍ နှစ်စဉ်နှစ်တိုင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲစသည့် ဘာသာရေးအခမ်းအနားများကို မပျက်မကွက်ကျင်းပပေးလျက်ရှိကြောင်း၊ ယခင်အစိုးရလက်ထက်က ပါတီမူဝါဒနှင့်ငြိစွန်းမည်ကို စိုးရိမ်ပြီး ယခုကဲ့သို့ ထင်ထင်ရှားရှား အားပေးအားမြှောက်မပြုခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ ထေရဝါဒ ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ အောက်တိုဘာ၂၉ရက်က အိန္ဒိယနိုင်ငံ၌ကျင်းပခဲ့သည့် ရွှေတိဂုံပုံတူစေတီတော်ဖွင့်ပွဲ အခမ်းအနားတွင် ကမ္ဘာ့ဗုဒ္ဓဝိပဿနာတရားပြ ဆရာကြီးဦးဂိုအင်ကာက ကမ္ဘာသို့ပင်ထုတ်ဖော်ချီးကျူးပြောဆိုခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လက်တစ်ဆုပ်စာ လူတစ်စု၏ အဖျက်အမှောင့်လုပ်ရပ်များတွင် သံဃာများပါဝင်မည်မဟုတ်ကြောင်း၊ ရဟန်းသံဃာတော်များသည် နေ့စဉ်မေတ္တာသုတ်အပါအဝင် ပရိတ်တော်များကို ရွတ်ဖတ်လျက်ရှိကြောင်း။

**ခုတုံးလုပ်အသုံးချ**

"ဂဂ"မျိုးဆက်ကျောင်းသားအုပ်စုဝင်များသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူအများစု ဝတ်ဆင်လေ့ရှိသည့် အဖြူရောင်အင်္ကျီဝတ်ဆင်မှုကို ခုတုံးလုပ်အမြတ်ထုတ်ခဲ့ကြောင်း၊ ထို့အတွက် ရုံးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ စိတ်ကသိကအောက်ဖြစ်ခဲ့ရကြောင်း၊ ယခုတစ်ဖန် မေတ္တာသုတ်ရွတ်ဆိုမှုကို ခုတုံးလုပ်အသုံးချလာပြီဖြစ်ကြောင်း၊ သံဃာများအနေဖြင့် ၎င်းတို့လိုလားသည့် ရည်ရွယ်ချက်မျိုးဖြင့် မေတ္တာသုတ်ရွတ်ဆိုမည်မဟုတ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်များ နေ့စဉ်ရွတ်ဆိုနေကြသည့် မေတ္တာသုတ်ကို ယခုကဲ့သို့ ခုတုံးလုပ်အသုံးချလာသည့် အဆိုပါကျောင်းသားအုပ်စုဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ လုပ်ကြံဝါဒဖြန့် ပူးပေါင်းပါဝင်နေသူများ၏ ဘာသာရေးကို ခုတုံးလုပ်သည့် နိုင်ငံရေးစတန့်ထွင်မှုသည် မလုပ်သင့်မလုပ်ထိုက်သော မသင့်မလျော်လုပ်ဆောင်မှုသာဖြစ်သည်ဟု မန္တလေးမြို့ရှိ သံဃာတော်များအတွင်း ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(က-ပ)**

# ပန်းတစ်ပွင့်တောင်ဆရာတော် ဝိဇာတမင်္ဂလာကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဖူးကြီးရေလှောင်ကန်အနီး ပန်းတစ်ပွင့်တောင် သာသနာပြုတောရ ရိပ်သာကျောင်းတိုက် ပဓာနနာယကချုပ် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရဆရာတော်ကြီး သက်တော်(၃၇)နှစ်ပြည့် မွေးနေ့ဝိဇာတမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ၇ရက်(အင်္ဂါနေ့)မွန်းတည့်၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ အဆိုပါကျောင်းတိုက်ရှိ မဟာဓမ္မသုခဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ တပည့် ဒါယကာဒါယိကာမများနှင့် အလှူရှင်များ ကြွရောက်ကြည်ညို ပူဇော်ကြပါရန် ပန်းတစ်ပွင့်တောင် အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

# တရားပွဲများကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၅၀ရပ်ကွက် သာသနာ့ရောင်ခြည်ဓမ္မာရုံတွင် ပထမအကြိမ် ထေရဝါဒ အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ၄ရက်နှင့်၅ရက် ည၈နာရီမှစ၍ အရှင်မာလာစာရ (ညောင်ပင်သာဆရာတော်)က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၁)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၃**



ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ် စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၁)ကို ယနေ့ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ဝင့်ဝါထွန်း (ဂန္ထဝင်ကုန်း)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ရွှေအဲ့ငယ်လေး၊ လှိုင်ဝင်းဆွေ၊ ရွှေညာသား မြတ်မင်း၊ အောင်ထွန်းလင်း (ချောက်)၊ နွေသင်နိုင်၊ ညိုလွမ်းအောင်၊ အောင်ဆန်းသိန်း (ပခုက္ကူ)၊ မဟူရာစောလွင်(ပခုက္ကူ)၊ ချွန်းသာ၊ ညောင်ရွှေ-ခင်မောင်မြတို့၏ အဖွင့်ကဗျာများ၊ စောမုံညှင်း၊ တက္ကသိုလ်တင်ခ၊ လှိုင်မြင့်ဦး၊ ကိုသက်(ဇီးကုန်း)၊ မလေးပို၊ ဆရာစံတင်အောင်(ရွှေဘို)၊ ပခုက္ကူဦးအုံးဖေ၊ ကာတွန်းဆရာကြီး ဦးဗကလေး၊ တက္ကသိုလ်စိုးယဉ်၊ သန့်စင်လတ် ပညာရေး)၊ ပန်းတနော်စောလွင်၊ စကု ဆွေသစ်၊ မြင်းခြံကျော်အောင်၊ ကိုဝင်းမောင်(တမ္မဝတီ)၊ ဦးသန်းထွတ်၊ ဒေါက်တာလှဖေ၊ ရင်ရင်မော်(အာမခံ)၊ အောင်စည်ဟိန်းတို့၏ ဆောင်းပါးများ၊ သန်းဆွေသစ်၊မန္တယ်(ကလော)၊ ဇင်၊ ကျွန်းစဉ်မြေ စောခက်၊ မောင်ကျော်ဟိုး (မဟာဝိဇ္ဇာ)၊ တင့်ထွန်း (ချောက်)၊ ဘွင်းဘွင်း၊ကြူကြူသင်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ တစ်ခန်းရပ် ပြဇာတ်များ၊ ဟာသနှင့်ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောဓလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာ ပန်းရုံရိပ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ပုံပြင်ကဏ္ဍ၊ ဘာသာပြန်များဖြင့် ရသစုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

သတင်းဂျာနယ်

ပထုတ်ဖြားရင် ဘာမှမလုပ်ဘူး ထုတ်ရင်သူတိုင်းထူးခြားတာတွေ သိကုန်ကြပြီ

Be the first to read ...

SNAP SHOT

NEWS JOURNAL

● (၄)လကြာရင် ရုပ်ရှင်ပြန်ရိုက်မယ့် ဇိုးမြတ်နှမ္မာ
● အမြတ်ခွန်ကုန်သွယ်ခွန်ဆောင်ကြရတော့မယ့် ဂျာနယ်၊ မဂ္ဂဇင်းများ
● အပိုဆုကြေးငွေလျှော့ချကြတော့မယ့် ပွဲလီကထိုဆိုင်များ
● BME II မီးသိန်း(၇၀)ဖိုးသောင်ကျွမ်းမှု
● ဝိစယ်က HIV ပျောက်မပျောက်ပြဿနာ စသည့်ဖြင့် ...

ဝယ်ယူဖတ်ရှုသူအားလုံးကိုလည်း ရိုသေစွာကျေးဇူးတင်ပါတယ်။

ဘယ်မှာမှဝယ်လို့မရဘူးဆိုရင် ဖုန်း-၀၁-၇၀၁၇၂၅၊ ၀၁-၇၀၀၉၉၈ ကို ဝယ်ယူမှာကြားနိုင်ပါတယ်။


## EMPLOYMENT VACANCY

**MYANMAR IVANHOE COPPER COMPANY LIMITED**
**(for local service only)**
**Development Geologists**

Myanmar Ivanhoe Copper Company Limited(MICCL)is a Joint Venture company whose parent companies are Ivanhoe Myanmar Holdings Limited(IMHL), a wholly-owned subsidiary of Ivanhoe Mines Ltd of Canada, and Mining Enterprise No.1(ME-1),an agency of the Ministry of Mines of the Union of Myanmar. The Sabetaung-Kyisintaung(S&K) Mine, located in central Myanmar, is an open-pit, heap leach copper mine operated by MICCL.

MICCL is currently looking for people who possess the following qualifications:

B.Sc or similar Degree in Geology

At least two years recent experience geological mapping, underground or open cut mining operations

Must be able to present data in either MapInfo or Surpac

Ability to map to publication standard without detailed supervision.

Experience of
- panel and channel sampling,
- splitting and recording
- core handling, logging and recording

Good written and spoken English sufficient to present all results in English

Please submit your CV attached with copies of all relevant certificates, two recent photographs and labour registration. Submit to the address below within two weeks of this advertisement.

**Myanmar Ivanhoe Copper Company Limited**

| Yangon Office | Site Office |
|---|---|
| No.70(I), Bo Chein Street | S&K Minesite |
| Pyay Road, Hlaing Township | Salingyi Township |
| Yangon | Monywa |
| Myanmar | Human Resources Dept. |
| Tel: 951 514 194 | Tel: 9571 22225/6 |
| Fax: 951 514 208 | Fax: 9571 22522 |

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဥက္ကာလင်းမြင့်၏ PP-၅၂၆၅၅၃မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

**ဥက္ကာလင်းမြင့် ဖုန်း-၃၈၄၆၅၆။**

## မောင်ပေါ်ဦး(YKN -၀၀၀၅၄၈)နှင့်အများသိစေရန်

မောင်ပေါ်ဦး(YKN-၀၀၀၅၄၈)သည် မိခင်နှင့်မိသားစုများအား အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ဒုက္ခရောက်စေခြင်းများ ပြုလုပ်ဆောင်ရွက်နေထိုင်ပြီး အမွေရယူလိုခြင်းတောင်းဆိုသောကြောင့် ၂၆-၁၀-၂၀၀၆ရက်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လူကြီးမင်းများရှေ့မှောက်တွင် ခံစားခွင့်အမွေများအား ပေးအပ်ပြီးသားအဖြစ်မှ စွန့်လွှတ်ပါသည်။

မိသားစုနှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေအပ်ပါသည်။

**မိခင်-ဒေါ်သိန်းကြွယ် ၁၂/ရကန(နိုင်)၀၂၂၉၆၆**
**တိုက် ၃၆၅/၂၃၊ ရန်ကင်း။**

## ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ပျဉ်းမနားမြို့၊ အမှတ် ၁၃/၄၇၊ ၁၃ လမ်း၊ မကျီးတောရပ်နေ
(ဦးလှမောင်-ဒေါ်လှလှ)တို့၏ တစ်ဦးတည်းသောသား

**မောင်အောင်မျိုးသူ**
**B.Sc (Maths)**
**NH Techno Glass Singapore Pte.,Ltd.**

နှင့်

မန္တလေးမြို့၊ ရွှေပြည်သာ၊ အမှတ် ၄၉၊ ၃၂ လမ်း၊ ၇၁ x ၇၂ ကြား၊ ရန်မျိုးလုံရပ်နေ
ဦးထွန်းသိန်း(လ/ထ မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်လှရီ(အလယ်တန်းကျောင်းအုပ်၊ ငြိမ်း)တို့၏သမီးထွေး

**ဒေါက်တာသီတာထွန်း**
**(Ph.D, Electronics)**
**ဒု-ကျောင်းအုပ်၊ အစိုးရနည်းပညာကောလိပ်၊ မော်ဘီ**

တို့သည် ၂၉-၁၀-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်မျိုးသူ-ဒေါက်တာသီတာထွန်း။**






## ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၃၊ ဗောဓိရိပ်သာလမ်း(ဝင်ဒါမီယာ)၊ကမာရွတ်မြို့နယ်နေ
(ဒေါက်တာမြစိုး)-ဒေါ်ခင်မြင့်ကြည်တို့၏သားထွေး

**မောင်စည်သူကျော်(ခ)သားပေါက်** **B.A (Eco)**
**Country Co-Ordinator (Opportunity Traders Inc) Canada**

နှင့်

ရန်ကုန်မြို့၊ အမှတ်၅၁၊ ဇီဇဝါလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ
ဦးမြင့်ဝေ(Senior Engineer)Nordlinger Automation Pte Ltd. Singapore - ဒေါ်မေနွယ်နီတို့၏သမီးလတ်

**မကေရီမြင့်ဝေ** **B.A (Eco)**
**Diploma in Information Technology**

တို့သည် ၃-၁၁-၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများ၏ သဘောတူမှုအရ ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စည်သူကျော်(ခ)သားပေါက်-မကေရီမြင့်ဝေ။**

## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ဝင်းမောင်** ၁၁/ရဗန(နိုင်)၀၅၄၀၄၄

နှင့်

ကျွန်မ **မနွဲ့နွဲ့သန်း** ၁၁/ကဖန(နိုင်)၀၅၄၆၈၀

တို့သည် ၃၁-၁၀-၂၀၀၆ရက်တွင် ပုသိမ်မြို့နယ်တရားရုံး၌ လက်ထပ်ပြီးစီးပါကြောင်း။

**မောင်ဝင်းမောင်နှင့်မနွဲ့နွဲ့သန်း။**

## လူပျောက်ကြော်ငြာ



ဖော်ပြပါဓာတ်ပုံရှင် ဒေါ်ညွှန့်မေသည် ပေါင်မြို့နယ် မုတ္တမသို့ အလည်သွားရင်း ၂၄-၁၀-၂၀၀၆ရက်က ဝိုင်ရှူး (၂) ကွက်သစ်၊ မုတ္တမနေအိမ်မှ ပျောက်ဆုံးသွားပါသည်။ အသက်(၈၀)ခန့်၊ ဆံပင်တစ်ခေါင်းလုံးဖြူ၊ စိတ်ကျန်းမာရေး မကောင်းပါ၊ တွေ့ရှိပါက ဖုန်း-၀၁-၅၄၄၉၀၀၊ ၀၉-၅၀၁၃၂၆၉သို့ သတင်းပေးပို့ပါက ကျေးဇူးဆပ်ပါသည်။


စိတ်ထား ကြံ့ခိုင် ပန်းတိုင် ချိတက် အောင်ပွဲဆက်

Decoration 5% Discount

NAING Group Home Decoration Center

No(117-127), 33rd Street (middle), Kyauktada Tsp, Yangon.
Ph : 951-248862, 375491, 381707 Fax : 373759
No(1/58), Bo Tauk Htain Street, Near Myo Ma Bazaar, Pyinmana. Ph: 067-21454

KMD
Special Effect
[Duration 50 Hours]

ကွမ်းရွက်ပုံ

မြန်မာ့ရိုးရာဆေးဝါးကို ခေတ်မီစက်ပစ္စည်းများဖြင့် စနစ်တကျထုတ်လုပ်ပါသည်

# အမိုက်မှောင်ကို ဖျောက်လွှင့်ဖျက်မှုန်း တန်ဆောင်မုန်း

( ၁ )

**'တန်ဆောင်မုန်း'**ဟူသော လအမည်ကို ပုဂံအရှေ့တောင် ဓမ္မရံကြီးဘုရားတောင်ဘက် တောင်ဂူနီဘုရားကျောက်စာ၊ ကြောင်းရေ(၅)တွင် **'တန်ဆောင်မှုန်း'**ဟု တွေ့ရပါသည်။ **'တန်'**သည် တိဗက်စကားဖြစ်၍ အလင်းရောင်ဟု အနက်ရသည်။ **'ဆောင်'**သည် တိဗက်မြန်မာစကားဖြစ်၍ ပေါ်ထင်၊ ထွန်းလင်းသည်ဟူ၍ အဓိပ္ပာယ်ရှိပါသည်။ **'မှုန်း'**မှာ မြန်မာစကားဖြစ်ပါသည်။ ထွန်းလင်းတောက်ပစေသည်ဟု အနက်ရသည်။ ထို့ကြောင့် 'တန်ဆောင်မှုန်း'သည် တန်ဆောင်ဆီမီးဖြင့် ထွန်းလင်းတောက်ပစေသောလဟု အဓိပ္ပာယ်ဖွင့်ဆိုရပါသည်။

ပုဂံခေတ်တွင်**'တန်ဆောင်မှုန်း'**ဟု အရေးများသည်။ ယခုအခါတွင် **'တန်ဆောင်မုန်း'**ဟု ရေးသည်။

ဝေါဟာရ လီနတ္ထဒီပနီတွင်ကား "အမိုက်မှောင်ကို၊ မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွှင့်ဖျက်မှုန်းသည်ဖြစ်၍ 'တန်ဆောင်မှုန်းလ' ဟု မြန်မာဘာသာ ခေါ်ဝေါ်ကြသည်"ဟု ဖွင့်ဆိုထားပါသည်။

မှောင်သည်နှင့် မိုက်သည်ဟူသော စကားများမှာလည်း အနက်အတူတူပင်ဖြစ်၍ ပညာဉာဏ်အလင်းမရှိဟု အဓိပ္ပာယ်သက်ရောက်လေသည်။

( ၂ )

ဂေါတမဘုရားရှင် လက်ထက်တော်အခါ တန်ဆောင်မုန်းလပြည့်ညမှာ အဇာတသတ်မင်းသည် မှူးမတ်စုံလင်စွာ ညီလာခံသဘင်ဆင်ယင်ကျင်းပနေပါသည်။ တန်ဆောင်မုန်းလပြည့်ညသည် ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပလျက် ကြည်နူးဖွယ်အတိရှိလှသည်။ ထိုအလှအပကို ကြည့်လျက် အဇာတသတ်မင်းသည် စကား(၅)ခွန်းဖြင့် ဤသို့ ချီးကျူးတော်မူသည်။

၁။ ရမဏီယာဝတ = မွေ့လျော်ဖွယ်ကောင်းသော ညပါတကား။
၂။ အဘိရူပါဝတ = လွန်စွာလှပသော ညပါတကား။
၃။ ဒဿနီယာဝတ = ရှုဖွယ်ကောင်းသော ညပါတကား။
၄။ ပါသာဒိကာထာ = ကြည်လင်ရွှန်းပသော ညပါတကား။
၅။ လက္ခညာဝတ = မေ့၍မရနိုင်သောညပါတကား။

အဇာတသတ်၏ အမည်ရင်းမှာ ကုဏိကဟူ၍ အချို့သောစာပေများအရ သိမှတ်ရပါသည်။ သို့သော် မမွေးဖွားမီကပင် "ခမည်းတော်ကိုသတ်ဖြတ်မည့် ရန်သူဖြစ်လိမ့်မည်"ဟူသော နိမိတ်ဖတ်ဆရာတို့၏ ဟောဆိုချက်ကြောင့် ကွယ်ရာတွင်ဖြစ်စေ ထိုမင်းမရှိတော့သည့်အခါမှာဖြစ်စေ အဇာတသတ်ဟု ခေါ်ဝေါ်ရေးသားကြခြင်း ဖြစ်ပေသည်။ [အဇာတသတ္တု-ပုဒ်မှ (အဇာတ = မမွေးဖွားမီကပင်+သတ္တု = ခမည်းတော်၏ ရန်သူဖြစ်သည်) ဟု အဟောခံရသော မင်းသား]

အဇာတသတ် မင်းသားသည် ဒေဝဒတ်ကို ဆရာတင်ပြီး အပေါင်းများကာ ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိခဲ့သည်အထိ အမိုက်မှောင်ကျခဲ့သည်။ ထိုအပြစ်ကြောင့် ကံကြီးထိုက်ပြီး အိပ်မပျော်သော ဝေဒနာစွဲကပ်ခဲ့ရသည်။

ဘုရင်ဖြစ်လိုသော သားတော်လေး အဇာတသတ်အားဗိမ္ဗိသာရက စမ္ပာနဂိုရ် ဘုရင်ခံခန့်တော်မူလိုက်၏။ ဤသည်ကိုသားတော်အနေဖြင့် အလိုမပြည့်သေးကြောင်းသိရ၍ ရာဇဂြိုဟ်မြို့တော်ကိုသာချန်လှပ်ပြီး မာဂဓတိုင်းကြီးတစ်ခုလုံးကို အဇာတသတ်ပိုင်အဖြစ် လွှဲအပ်ပါသည်။ တစ်ဖန်သားတော်လေးဆန္ဒမပြည့်သေးဟု သိရပြန်၍ ဘဏ္ဍာတော်များမှတစ်ပါး ရာဇဂြိုဟ်မြို့တော်ကိုပါ လွှဲအပ်တော်မူပြန်သည်။ နောက်ဆုံးတွင်ကား ဘဏ္ဍာတော်များကိုပါ လွှဲအပ်တော်မူခဲ့သည်။

## ဦးအောင်မွန် (မဟာဝိဇ္ဇာ)

အဇာတသတ်သည် ဘုရင်အဖြစ်သို့ ပိုင်နိုင်စွာ ဆိုက်ရောက်လျှင် သူ့ဆရာ ဒေဝဒတ်၏ တိုက်တွန်းအကြံပေးသည့်အတိုင်း ခမည်းတော်ကို ကံတော်ကုန်သည်အထိ နည်းမျိုးစုံဖြင့်ရက်စက်စွာ ပြစ်မှားကျူးလွန်ခဲ့သည်။

( ၃ )

ဗိမ္ဗိသာရမင်းကြီး ကံတော်ကုန်သောနေ့မှာပင် အဇာတသတ်မင်း၏ မိဖုရားမှသားတော်လေးဖွားမြင်လေ၏။ အဇာတသတ်မင်းအဖို့ လမင်းလေးထွက်ပြူလာချိန် သို့သော်တောင်စွယ်တွင်နေမင်းကြီး စုံးစုံးကွယ်ပျောက်ခဲ့သောအချိန်လည်း ဖြစ်ပေသည်။ သားလေးရမှ ဖခင်၏မေတ္တာကြီးမားပုံကို အဇာတသတ်ရင်တွင် မနိုင့်တနိုင် ခံစားမိရပြီ။ မေတ္တာကြီးမားလှစွာသော ခမည်းတော်အား ဓိဝိန်ချုပ်သည်အထိ ညှဉ်းပန်းမိခဲ့ပြီးဖြစ်၍ သာယာမှုအပေါင်းခညောင်းသော တန်ဆောင်မုန်းလပြည့် ညမျိုးမှာပင် စက်တော်ခေါ်၍ မရနိုင်ပေ။ အဇာတသတ်သည် အိပ်မပျော်သော ဝေဒနာကိုကုစားရင်း မှူးမတ်များ၏ အကြံပြုချက်အရ တိတ္ထိဆရာကြီးခြောက်ယောက်တို့ထံ ရဟန်းပြုခြင်းအကျိုး(သာမညဖလ)ကို စုံစမ်းမေးမြန်းရာ ကျေနပ်လောက်သော အဖြေကို မရခဲ့ပေ။ နောက်ဆုံးသမားတော်ကြီး ဇီဝက၏ အစီအစဉ်ဖြင့် ဘုရားရှင်ထံ သွားရောက်ခဲ့သည်။

သမားတော်ကြီး ဇီဝကသည် အဇာတသတ်အတွက် လုံခြုံရေးအစီအစဉ်ကို စနစ်ကျစွာစီစဉ်ပေးသည်။ အနီးကပ်ကိုယ်ရံတော် အမျိုးသမီး ၅၀၀ ကို ယောက်ျားအသွင်ဝတ်ဆင်စေပြီး ဆင်မယဉ်သာတစ်စီးစီ စီးစေလျက် စောင့်ကြပ်လိုက်ပါစေသည်။ ဤနည်းဖြင့် အထပ်ထပ်ဝန်းရံလိုက်ပါစောင့်ကြပ်ပါသော်လည်း ဘုရားရှင်သီတင်းသုံးရာ သရက်ဥယျာဉ်အနီးရောက်လေလေ များစွာကြောက်ရွံ့တုန်လှုပ် ချောက်ချားလေ ဖြစ်ရလေသည်။ အကြောင်းမှာ ရာဇဂြိုဟ်မြို့တော်၌ တံခါးမကြီး ၃၂၊ တံခါးငယ် ၆၄ ပေါက်မျှရှိ၍ သရက်ဥယျာဉ်သည် မြို့တံတိုင်းနှင့် ဂိဇ္ဈကုဋ်တောင်ကြားတွင်ရှိသည်။ သရက်ဥယျာဉ်သို့ဝင်ရာ လရောင်ကို တောင်ထွတ်က ကွယ်နေသဖြင့် အလင်းရောင်မရှိတော့ပေ။ သစ်ပင်ရိပ်များစွာကြောင့် မှောင်မိုက်လှချေ၏။ ထို့ကြောင့် လိုက်ပါသူအားလုံး မီးရှူးမီးတိုင်ကိုယ်စီကိုင်ပြီး လိုက်ပါကြရပေသည်။ မီးရှူးမီးတိုင်ကို ပေါရာဏ အခေါ်ဖြင့် **'တန်ဆောင်တိုင်'** ဟု ခေါ်ဝေါ်ပါသည်။

သို့ဖြင့် အဇာတသတ်နှင့် အခြွေအရံတို့ တန်ဆောင်မုန်းလပြည့်ညအခါ၌ အမှောင်မိုက်ကို ဖျက်လွှင့်ချေမှုန်းနိုင်အောင် မီးရှူးမီးတိုင်တန်ဆောင်တိုင်ကို ထွန်းညှိပြီး ဘုရားရှင်ထံ အဖူးအမြော်သွားရောက်သောထုံးကို နှလုံးမူပြီး တန်ဆောင်မုန်းလ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီး ဆင်နွှဲကျင်းပကြခြင်း ဖြစ်ပါသည်။

( ၄ )

အဇာတသတ်သည် ရာဇဂြိုဟ်မြို့အနီး ဇီဝကလှူထားသည့် သရက်ဥယျာဉ်တွင် သီတင်းသုံးလျက်ရှိသော ဘုရားရှင်ထံသို့ သွားရောက်လျှောက်ထားသောအခါ ရဟန်းပြုခြင်းအကျိုး (သာမညဖလ)ကို သိရှိခဲ့ရပါတော့သည်။ မြတ်စွာဘုရားက အဇာတသတ်အား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်ဒေသနာကို ဟောကြားတော်မူခဲ့သည်ဖြစ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို **"သာမညဖလ အခါတော်နေ့"** ဟူ၍ သတ်မှတ်ခဲ့ကြပါသည်။ သာမညဖလသုတ်သည် ရဟန်းသံဃာတော်များအတွက် ကိုယ်ကျင့်သီလတို့ကို ထင်ဟပ်အရိပ်ထင်စေသော ကြေးမုံရိပ်သွင်လဲ ဖြစ်သည်။ ဤသာမညဖလသုတ်မှာ ဒီဃနိကာယ်သီလက္ခန္ဓဝဂ္ဂပါဠိတော်၌ လာရှိပါသည်။

တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်အပြင် သံဃာတော်တို့နှင့် ပတ်သက်၍ ကထိန်ခင်းခြင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း ပွဲတော်များလည်း ကျင်းပလေ့ရှိပြီး ဆေးပေါင်းခသည့် မဲဇလီဖူးသုပ်ဝေငှခြင်းများနှင့် သာမညဖလ အခါတော်နေ့ ကျင်းပခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိပေသည်။

အဇာတသတ်သည် သာမညသုတ်တရားတော်ကို နာကြား ရသည်မှစတင်၍ ဗုဒ္ဓသာသနာတော်ကို သက်ဝင် ယုံကြည်လာပြီး ရတနာသုံးပါးအား အကြည်ညိုဆုံး ပုဂ္ဂိုလ်ဖြစ်လာသည်။ မဟာ သက္ကရာဇ် ၁၄၈ခုနှစ်၊ (၄၃၈-ဘီစီ)တွင် ပထမသင်္ဂါယနာတင် ပွဲကြီးကို ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင် တို့အတွက် ဓာတ်တော်များကို စနစ်တကျ သိမ်းဆည်းခြင်း၊ ဗုဒ္ဓ သာသနာတော်နှစ်ကို တိကျစွာ သတ်မှတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ခြုံငုံ၍ သုံးသပ်ရလျှင် အဇာတသတ်၏ဘဝမှာ ရှေ့ပိုင်းတွင် ဒေဝဒတ်ကို ဆရာတင်မိ မှားသဖြင့် ဆိုးသွမ်းခဲ့၏။ နောက်ပိုင်းတွင် သမားတော်ကြီး ဇီဝက၏ကျေးဇူးကြောင့် ဘုရားရှင်ထံမှ သာမညဖလသုတ်တော်ကို နာကြားရပြီးနောက် သူတော်ကောင်းဖြစ်ခဲ့ရသည်။ အဝိဇ္ဇာအမိုက်မှောင်တွင်းမှ ပညာဉာဏ်အလင်းကို ရနိုင်ခဲ့ပါသည်မှာ တန်ဆောင်မုန်းလပြည့်နေ့တွင် ဖြစ်ပါသည်။

ထို့ကြောင့် အဇာတသတ်၏ ဖြစ်ရပ်ကို ဆင်ခြင်၍ မကောင်းကျိုး(ဆိုးကျိုး) ပြုမည့်ပါပမိတ္တကို ဖယ်ကြဉ်ရှောင်ရှား၍ မိမိနှင့် မိမိ၏ပတ်ဝန်းကျင်ကို ကောင်းကျိုး ဇောင်းပေးနိုင်မည့် ကလျာဏမိတ္တကို ဆည်းကပ်မှီဝဲသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အမှောင်ကျ မိုက်မဲမှုဟူသမျှ ဉာဏ်အလင်းရောင် မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွှင့်ဖျက်မှုန်းနိုင်ကြပါစေသတည်း။ ။



## ညောင်တုန်းမြို့သဟပုညကာရီဆွမ်းလောင်းအသင်း စာရေးတံမဲ သပိတ်လုံးဆွမ်းလောင်းလှူပွဲကျင်းပ

**ညောင်တုန်း အောက်တိုဘာ ၃၁**

ညောင်တုန်းမြို့ သဟပုညကာရီ ဆွမ်းလောင်းအသင်း၏ (၂၁)ကြိမ်မြောက် စာရေးတံမဲ သပိတ်လုံး ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၄နာရီက အမှတ်(၄)ရပ်ကွက် လမ်းမတော်တစ်လျှောက်တွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသ ဘိဝံသအမှူးပြုသော သံဃာတော် ၈၈၁ ပါး၊ သီလရှင်၆၈ပါး ကြွရောက်ချီးမြှင့် အလှူခံတော်မူကြသည်။

ယင်းစာရေးတံမဲသပိတ်လုံး ဆွမ်းလောင်းလှူပွဲတွင် ညောင်တုန်းမြို့နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ညောင်တုန်းမြို့ သဟပုညကာရီ ဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ ဦးကျော်နိုင်၊ အတွင်းရေးမှူး ဦးခင်မောင်ညိုနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ ရပ်နီးရပ်ဝေး အလှူရှင်များက သပိတ်လုံးဆွမ်း၊ ဆွမ်းဟင်းလျာများနှင့်အတူ လှူဖွယ်ဝတ္ထု ပစ္စည်းမျိုးစုံနှင့် ငွေဆွမ်းများပါ လောင်းလှူကြပြီး ပဒေသာပင်များကို ကျောင်းအလိုက် မဲနှိုက်၍ လှူဒါန်းကြသည်။

စာရေးတံမဲ သပိတ်လုံး ဆွမ်းလောင်းလှူပွဲကို တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက် လှူဒါန်းခဲ့ကြရာ ယခင်နှစ် (၂၀)ကြိမ်မြောက် လှူဒါန်းစဉ်က ၇၆ သိန်း လှူဒါန်းခဲ့ရာမှ ယခုနှစ် (၂၁) ကြိမ်မြောက် လှူဒါန်းမှု အစုစုတန်ဖိုးမှာ ကျပ် ၉၅ သိန်းခန့် တန်ဖိုးရှိကြောင်း သိရသည်။ **(၀၉၈)**

**(အပေါ်ဝဲပုံ)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်**
**၅-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (ဆေးလိပ်သုတေသန၏ အသစ်တွေ့ရှိချက်) (သိပ္ပံမှူးတင်)
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဒဂုံမြို့သစ်မြောက်ပိုင်း စီးပွားရေးဖွံ့ဖြိုးဇုန်ထုတ် တစ်ရှူးမျိုးစုံအကြောင်း)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (သူတို့လို အလှပြင်ပါ)
၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သည်နွေမိုးဆောင်းပြောင်းသော်လည်း (ကိုသန်းလှိုင်)
(၂) ချစ်ဆုံးပြန်ခဲ့စေချင်သည် (တက္ကသိုလ်ဖြူဖြူသီ)
(၃) မေတ္တာဆိုတာ ခွင့်လွှတ်ခြင်း (ကိုတင်ဝင်း)
၁၂း၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (ရာသက်ပန် ပြည်ထောင်စု)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (မြင့်မြတ်ကြွေခိုင်မိုးသို့တိုင်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (တန်ဆောင်မုန်းလ၏ ဝိသေသများ) (ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၀၀ တေးသံစုံ (ရွာစားကြီး စိန်ချစ်တီးအဖွဲ့၏ တေးသံစုံ)
၁၇း၁၅ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက်**(အညွှံ့မခံစိတ်ဓာတ်အားမာန်ဖြင့် နယ်ချဲ့ကိုတွန်းလှန်သည့် ရှိန်းမကားဗိုလ်ရှိုင်း)**
၁၇း၃၀ သူ့အလှည့် (မေမေဝင်း)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မဟာမိတ်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မောင်မောင်ထိပ်၏ သူငယ်ချင်း ချစ်သူ တေးစီးရီး)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သစ်ပင်အောက်မှာသာတဲ့လ (မောင်မောင်ညွှန့်)
(၂) ချစ်ဖွဲ့ (ရီရီသန့်)
(၃) ညမွှေးပန်း (ဂီတာဝင်းဖေ)

## အင်းစိန် အထက(၁)မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

အင်းစိန် အထက(၁)ကျောင်း၏ ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယခုနှစ် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်အထက(၁)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးဘဌေး ဖုန်း-၆၄၀၀၉၄၊ ဦးကျော်လွင် ဖုန်း-၂၄၉၆၉၆၊ ဦးတင့်လွင် ဖုန်း-၀၉ ၅၀၀ ၃၄၁၄၊ ဦးပြည်သိန်း ဖုန်း-၆၄၃၇၆၃ နှင့် ဦးတင့်စိန်ဖူး ဖုန်း-၆၄၃၉၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း အမှတ် ၅၆(က)နေ ဦးဝင်းဖေအား ရည်စူး၍ ဒေါ်အေးအေးနှင့်သားသမီး၊ မြေးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

## ဘွဲ့တံဆိပ်ရဆရာတော် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသော ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ မထေရ်မြတ်အား တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့က (၁၃၆၈ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) ဒီဇင်ဘာ ၁၀ ရက် တနင်္ဂနွေနေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာသဘင်ကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ရာ ဖုန်း–၀၉–၅၃၀၁၅၄၄နှင့် ၀၅၂–၂၂၅၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)



အဘွားဒေါ်ကျော့၊ ဖခင် ဦးအီနံ– မိခင် ဒေါ်ခွေးမ၊ အစ်ကို ဦးစိန်လှိုင်၊ ညီမ မမွေးမွေး တို့အား ရည်စူး၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပ မြို့နယ်(ဆ)ရပ်ကွက် မေဓာဝီလမ်း အမှတ် (၅၆၃)နေ ဦးအီကြူ– ဒေါ်အီလန် (သိန်းကမ္ဘာ အမှုန့်ကြိတ်စက်) မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းရှိ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## မြို့နယ် သတင်းများ

## ကန်ကြီးထောင့်မြို့၌ အလှူငွေပေးအပ်ပွဲကျင်းပ

ကန်ကြီးထောင့် အောက်တိုဘာ ၂၀

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အသင်းအဖွဲ့များသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧရာသီရိသုခခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ ဧရာရွှေဝါကုမ္ပဏီလီမိတက်နှင့် ဆန်စက်ပိုင်ရှင်များအသင်းမှ အလှူရှင်များ၊ မြို့နယ်ပညာရေးမှူးဒေါ်စန်းစန်းဌေးနှင့် ဆရာဆရာမများ၊ မြို့နယ်ဆရာဝန် ဒေါက်တာရဲကျော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆက်လက်၍ ဧရာရွှေဝါကုမ္ပဏီ လီမိတက်၏ကိုယ်စား ဗိုလ်ကြီးမြညွန့် (ငြိမ်း)က အလှူငွေကျပ် ၁၀သိန်း**(အောက်ပုံ)**နှင့် မြို့နယ်ဆန်စက်ပိုင်ရှင်များအသင်း၏ကိုယ်စား ဦးတင်ရွှေက ငွေကျပ် ၁၅သိန်းတို့ကိုပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းရွှေက လက်ခံရယူပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းသည်။ (၁၀၈)



## ကျောက်ကြီးမြို့၌ တိုးချဲ့လမ်းကျောက်ခင်း

ကျောက်ကြီး အောက်တိုဘာ ၂၀

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းနှင့်တံတားများ စီမံချက်အရ အဖွဲ့ဝန်ထမ်းများ ကျောက်ကြီး–နတ်သံကွင်း ကားလမ်းပေါ်ရှိ သဲကုန်းကျေးရွာနှင့် ထိုက်ထူကျေးရွာ ဆက်သွယ်သော တိုးချဲ့လမ်းအရှည် ခုနစ်မိုင်တစ်ဖာလုံ ကျောက်ခင်းခြင်း လုပ်ငန်းကို အောက်တိုဘာ ၁၂ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်း၊ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးဇော်မြင့်တို့က ကွင်းဆင်းကြီးကြပ်ကြသည်။ (၂၁၁)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ၉လမ်း အမှတ်–၇၂(ဒီ)နေ ဦးမြင့်အောင်– ဗိုလ်မှူး ဒေါ်မြင့်သိန်းတို့၏ (၂၆) နှစ်မြောက် မင်္ဂလာ အထိမ်းအမှတ်နှင့်သားကြီး မောင်အောင်ဇော်ဖြိုး– မမြင့်မြင့်မူတို့၏ မင်္ဂလာဦး အထိမ်း အမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)





စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် မြို့ဝင်ဧရာအောင်မြေ လမ်းမကြီးဘေးဝဲယာ တစ်လျှောက် ကပ်တုံးများပြုလုပ်ခြင်းကို အောက်တိုဘာ ၅ ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်နိုင်မင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

## အလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ်လွှဲပြောင်း

မိတ္ထီလာ အောက်တိုဘာ ၇

မိတ္ထီလာမြို့ ရှမ်းတဲကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ရက် ညနေ ၄နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အလှူရှင် ရန်ကုန် အနောက်ပိုင်းခရိုင် စီမံကိန်း လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးမြင့်–ဒေါ်ခင်အေးကြီးမိသားစု၏ လှူဒါန်းငွေကျပ် ရှစ်သိန်း ဖြင့်ဆောက်လုပ်သည့် အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ အဆောက်အအုံအလှူရှင်ကိုယ်စား ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### လွှဲပြောင်း

ထို့နောက် ရန်ကုန်အနောက်ပိုင်း ခရိုင် စီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်–ဒေါ်ခင်အေးကြီး မိသားစုကလှူဒါန်းသည့် စာကြည့်တိုက် ငွေပဒေသာပင်အတွက်ငွေကျပ်ငါးသောင်းကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းကလက်ခံယူပြီး စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စာကြည့်တိုက်မှူး ဦးကျော်က လွှဲပြောင်းပေးအပ်ရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက လက်ခံရယူသည်။ (ခရိုင် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

## ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာသင်တန်းဖွင့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်

သံဖြူဇရပ် အောက်တိုဘာ ၁၅

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်ရေးလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်သားများ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ သံဖြူဇရပ်မြို့နယ် ခေတ္တဥက္ကဋ္ဌဒုတိယရဲမှူး ညိုလှနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ဌေးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှသင်တန်းသားများတက်ရောက်ကြပြီး မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးညိုလှက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၁၀ဦးတက်ရောက်ကြပြီး သင်တန်းနည်းပြ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ဌေးနှင့် ဒုတိယဦးစီးမှူး ဒေါက်တာမြင့်အောင်တို့က သင်ကြားပြသကြသည်။

### ဆောင်ရွက်

ယင်းသင်တန်းမှာ နှစ်ပတ်ကြာမြင့်ပြီး သင်တန်းသားများအား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကို ပေးအပ်ပြီး သင်တန်းတက်ရောက်သူများက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ပူးတွဲ၍ ရပ်ကွက်၊ကျေးရွာများအတွင်း ပြည်သူလူထု အသိပညာမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြမည်။ (မြို့နယ် ပြန်/ဆက်)

## သိန်းနီမြို့၌လမ်းခင်းရန် ကျောက်များစုဆောင်း

သိန်းနီ အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်ကျေးလက်ကျောက်ချောခင်းခြင်း လုပ်ငန်းဖြစ်သည့် ကောင်းဟော်–တိုင်ယက်လမ်းအတွက် ကျောက်များစုဆောင်းထားမှု အခြေအနေကို အောက်တိုဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့ ကွင်းဆင်းစစ်ဆေးကြသည်။ **(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**





## လာအိုနိုင်ငံ ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးလာရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

# အာဆီယံနိုင်ငံများနှင့်တရုတ်နိုင်ငံတို့ နိုင်ငံတကာရေးရာများစွာ၌တစ်သဘောတည်းရှိကြ မြန်မာနိုင်ငံအရေးကိစ္စ လုံခြုံရေးကောင်စီ၌ မြှမြှစွာရပ်တည်ပေး၍ကျေးဇူးတင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားတိုးတက်မည်ယုံကြည်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာ ၃၀ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ Liyuan Hotel, International Conference Center ဒုတိယထပ်ရှိ Multifunctional Hall ၌ ကျင်းပသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်နိုင်ငံထူထောင်သည့် (၁၅)နှစ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာ နာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း၊ ***စာမျက်နှာ ၇ ကော်လံ ၁*** ✡

# မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည် ထိုင်ဝမ်ကို တရုတ်နိုင်ငံ၏ ခွဲခြားမရသောအစိတ်အပိုင်းတစ်ခုအဖြစ်ခံယူထား

# မြန်မာပြည်တွင်းရေးကို မြန်မာအစိုးရနှင့် ပြည်သူများကသာဖြေရှင်းရမည် ပြည်ပမှ မြန်မာ့ပြည်တွင်းရေးကိစ္စဝင်ရောက်စွက်ဖက်အရေးယူခြင်းကိုမလိုလား

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် အောက်တိုဘာ ၃၁ရက် နံနက်၉နာရီ မိနစ်၄၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ Liyuan Hotel ဧည့်ရိပ်သာ အမှတ်(၁၀) အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**

**တက်ရောက်**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ***စာမျက်နှာ ၅ ကော်လံ ၁*** ❐

